မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၀၂)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်၊ ကြာသပတေးနေ့


## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်း ကောင်း ပြည့်စုံသော တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့် ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ **ဓမ္မပဒ**

## ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရှမ်းပြည်နယ်၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ရှိ တောင်ကြီးတန်ဆောင်တိုင် ပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပလျက်ရှိပြီး အဆိုပါပွဲတော်၌ မီးပုံးပျံပြိုင်ပွဲကြီးကို နေ့မီးနှင့် ညမီးဟူ၍ နှစ်မျိုးခွဲကာ ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသည်။ ယင်းမီးပုံးပျံပြိုင်ပွဲကြီးတွင် နေ့ပိုင်းအလှလွှတ်မီးပုံးပျံများသည် အများအားဖြင့် တိရစ္ဆာန်ရုပ်ပုံများဖြစ်ပြီး နေ့လွှတ်အရုပ်ပြိုင်ပွဲ၌ အရုပ်ခြေနှစ်ချောင်း၊ အရုပ်ခြေ လေးချောင်းများဖြစ်ကာ ညလွှတ်မီးပုံးပျံများ၌လည်း ညမီးကြီးနှင့် စိန်နားပန်ဟူ၍ နှစ်မျိုးရှိကြောင်း၊ ညမီးကြီးတွင် မီးပုံးပျံအောက်ဆွဲ၌ ယမ်းခွေများပါဝင်ပြီး မီးပုံးပျံ ပျံတက်သည့်ကာလအတွင်း မီးရှူးမီးပန်းများ ပစ်လွှတ်ကာ ညမြင်ကွင်းကို အလှဆင်ကြကြောင်းနှင့် စိန်နားပန်သည် မီးပုံးပျံအပြင် ကိုယ်ထည်ပေါ်နှင့်အောက်ဆွဲ၌ မီးပုံးအရောင်အမျိုးမျိုးနှင့် ရုပ်ပုံများ၊ စာလုံးများကို ပုံဖော်ကာ လွှတ်တင်ကြသည့် မီးပုံးအမျိုးအစားဖြစ်ကြောင်း **စာမျက်နှာ ၁၅ ကော်လံ ၁ ❍**



တောင်ကြီးတန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနေမှုကိုတွေ့ရစဉ်။

## ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်

စာ - ၁၁ သို့

## ရေ့တန်းစစ်မျက်နှာများတွင် ရွပ်ရွပ်ချံချံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရ ရေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

စာ - ၁၆ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်)

# အလှတရား၊ သဟဇာတဖြစ်မှုနှင့်ငြိမ်းချမ်းမှု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် နိုဝင်ဘာလ ၄ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC-1)၌ ကျင်းပပြုလုပ်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသမှ နိုဗိုစီဗစ် "Chaldony" State Song and Dance Ensemble အဖွဲ့မှ "မဟာရုရှားနှင့် ဆိုက်ဘေးရီးယား" အမည်ရသည့် ပဒေသာကပွဲကို ကြည့်ရှုအားပေးသည်။ အဆိုပါအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များတက်ရောက်ကြသည်။ အဆိုပါဖျော်ဖြေတင်ဆက်ပွဲမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသမှထင်ရှားသည့် "Chaldony" State Song and Dance Ensemble အဖွဲ့မှ ဖျော်ဖြေတင်ဆက်ခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့သည် ယဉ်ကျေးမှု၊ ပညာရေးနှင့် အနုပညာအပါအဝင် ကဏ္ဍပေါင်းစုံ၌ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ်အခြေခံပြီး ခိုင်မြဲသည့်သံတမန်ဆက်ဆံမှုကို တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း(၇၇)နှစ်ပြည့်မြောက်ကျော်လွန်လာခဲ့ပြီဖြစ်သည်။ ကာကွယ်ရေး၊ ပညာရေး၊ သိပ္ပံ၊ နည်းပညာ၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုအပါအဝင် နယ်ပယ်များစွာ၌ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုတို့အပေါ်အခြေခံပြီး မြန်မာနှင့်ရုရှားနှစ်နိုင်ငံသည် ဆယ်စုနှစ်များစွာကြာရှည်ခိုင်မာသည့် ဆက်ဆံရေးကို တည်ဆောက်ထားပြီးဖြစ်သည်။ ဆက်လက်၍လည်း နိုဗိုစီဗစ်နှင့်မြန်မာအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုဗိုစီဗစ်ဒေသသည် ရုရှားနိုင်ငံတွင် အဆင့်မြင့်ပညာရေးဌာနများစွာတည်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသမှနိုဗိုစီဗစ် "Chaldony" State Song and Dance Ensemble အဖွဲ့မှ "မဟာရုရှားနှင့် ဆိုက်ဘေးရီးယား"အမည်ရသည့် ပဒေသာကပွဲတွင် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ် **"၂၀၂၅ ခုနှစ်၊ မတ်လအတွင်း မိမိအနေဖြင့် ရုရှားနိုင်ငံကိုသွားရောက်ခဲ့သည့်ခရီးစဉ်၌ အဆွေတော်နှင့်တွေ့ဆုံခဲ့စဉ် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်နိုင်ရေးဖိတ်ကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏သာယာလှပမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ကိုယ်တိုင်ကိုယ်ကျ ခံစားရှုမြင်ပြီးဖြစ်သည်ဟုယုံကြည်ကြောင်း၊ နိုဗိုစီဗစ်ဒေသကိုယ်စားလှယ်အဖွဲ့တွင်ပါဝင်လာသည့် "Chaldony" State Song and Dance Ensemble ၏ ယနေ့ဖျော်ဖြေပွဲမှတစ်ဆင့် နိုဗိုစီဗစ်ဒေသ၏အနုပညာရသနှင့် ဆိုက်ဘေးရီးယန်းအနုပညာများကို မိမိတို့မြန်မာများကြည့်ရှုခံစားနိုင်ရုံသာမက နှစ်နိုင်ငံပြည်သူများအချင်းချင်းအကြား ခိုင်မြဲသည့်ချစ်ကြည်ရင်းနှီးမှုကိုလည်း ထပ်လောင်းအတည်ပြုနိုင်မည်ဖြစ်ကြောင်း"** ပြောကြားခဲ့သည်။

ယင်းနောက် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက်စကားပြန်လည်ပြောကြားရာတွင် **"နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဖိတ်ကြားမှုအရ ယခုကဲ့သို့ ထူးခြားလှပသည့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခွင့်ရရှိသည့်အတွက် စိတ်ရင်းမှန်ဖြင့်ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ဆိုက်ဘေးရီးယားလူမျိုးများကို ညွှေ့ဝတ်ကျေပွန်စွာကြိုဆိုညွှေ့ခံမှု၊ မိမိတို့၏ယဉ်ကျေးမှုနှင့်အနုပညာအပေါ် စိတ်ဝင်စားမှုများအတွက်လည်းကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဘာသာရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များသည် ကြွယ်ဝမှုနှင့်နက်ရှိုင်းမှုတို့၌ ထင်ရှားပေါ်လွင်အံ့ဩဖွယ်ရာဖြစ်ပြီး ယခုကဲ့သို့ ကြွယ်ဝမှုများသည် မြန်မာနိုင်ငံသားတို့၏ရိုးသားပွင့်လင်းမှုများကိုတွေ့မြင်စေရပါကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

"Chaldony" ဟူသောအမည်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏သမိုင်းနှင့် နက်ရှိုင်းစွာဆက်စပ်နေပြီး ရှေးဟောင်းဆိုက်ဘေးရီးယားလူမျိုးများ၊ ရုရှားလူမျိုးများ၊ ဆိုက်ဘေးရီးယား၏ ပထမဆုံးအောင်နိုင်သူများကိုကိုယ်စားပြုသည်။ အဆိုပါအဖွဲ့မှာ ရိုးရာဝလေ့များကို ဂရုတစိုက်ထိန်းသိမ်းပြီး ဆိုက်ဘေးရီးယား၏ သီချင်းနှင့်ဂီတအမွေအနှစ်ကို ကိုယ်စားပြုခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ ဂုဏ်ယူစွာဖျော်ဖြေတင်ဆက်ပေးခြင်းဖြစ်ပြီး ဆိုက်ဘေးရီးယားယဉ်ကျေးမှု၊ အနုပညာနှင့်အပျော်ရွှင်ဆုံးရင်းနှီးမှုရရှိစေရန်ရည်ရွယ်သည်။

ယခုဖျော်ဖြေပွဲမှသည် အားလုံးအတွက် တေးဂီတ၊ ခင်မင်မှု၊ ပျော်ရွှင်မှုများဖြင့် ပြည့်နှက်နေသည့်မင်္ဂလာအချိန်အခါဖြစ်သည်။ မြန်မာနိုင်ငံနှင့်နိုဗိုစီဗစ်ဒေသတို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုအတွက် စိတ်အားထက်သန်မှုများကို ထပ်လောင်းအားဖြည့်နိုင်ပါစေကြောင်းနှင့် မြန်မာနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသတို့အကြား ကောင်းမွန်ခိုင်မာပြီး နောင်မျိုးဆက်သစ်များစွာတိုင် ဆက်လက်ရှင်သန်ထွန်းကားပါစေရန် နိုင်ငံတော်အကြီးအကဲက ဆုမွန်ကောင်းတောင်းခဲ့သည်။

အနုပညာဆိုသည်မှာ လူသားတို့၏ယဉ်ကျေးမှုနှင့် စိတ်ဝိညာဉ်ကို ဖော်ပြလျက်ရှိသည်။ အနုပညာသည် အတားအဆီးအားလုံးကိုကျော်ဖြတ်ပြီး အလှတရား၊ သဟဇာတဖြစ်မှုနှင့် ငြိမ်းချမ်းမှုတို့ကို မျှဝေခံစားစေခြင်းဖြင့် လူသားအားလုံးကို ချစ်ကြည်ရင်းနှီးမှုဖြင့် ပေါင်းစည်းပေးသည်။ ထို့ကြောင့် ယခုဖျော်ဖြေပွဲသည် ယဉ်ကျေးမှုဖလှယ်ရေး၊ ဖျော်ဖြေရေးသက်သက်သာမဟုတ်ဘဲ မိမိတို့နှစ်နိုင်ငံအကြား နွေးထွေးရင်းနှီးသည့်ဆက်ဆံရေးကို များစွာအထောက်အကူဖြစ်စေမည်ဟုယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

၅၂

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

- ❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှ တစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## မြဝတီမြို့၌ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲကျင်းပ

မြဝတီ နိုဝင်ဘာ ၅

ကရင်ပြည်နယ် မြဝတီမြို့ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီးပရိဝုဏ်အတွင်းရှိ သာသနာ့ဟိတကာရီဗိမာန်တော်၌ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲကို နိုဝင်ဘာလ ၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြသုခတပ်ဦးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဒေါက်တာပညာနန္ဒနှင့် ဆရာတော် သံဃာတော်အရှင်သူမြတ်များက နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပေးပြီး တန်ဆောင်တိုင်လပြည့်နေ့(သာမညဖလအခါတော်နေ့)ဖြစ်ပေါ်လာပုံ၊ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းရခြင်းအကျိုးတရားကို မြွက်ကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက မသိုးသင်္ကန်းကို ကိုင်ဆောင်၍ ရွှေမြင်းဝန်စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကပ်လှူကြောင်း သိရသည်။

(၄၀၆)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၆-၁၁-၂၀၂၅(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |


မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၂၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံဧကနှစ်သောင်းခွဲကျော် စိုက်ပျိုးပြီးစီး



ပွင့်ဖြူ နိုဝင်ဘာ ၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစိုက်ပျိုးစွမ်းအားမြင့်မားတိုးတက်စေရန်၊ စားရေရိက္ခာဖူလုံစေရန်နှင့် ဒေသတွင်းရှိတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ တစ်မြို့နယ်လုံး ဆောင်းသီးနှံစုံဧကတစ်သိန်းကျော် လျာထားစိုက်ပျိုးလျက်ရှိရာ လက်ရှိအချိန်ထိ သီးနှံစုံဧက နှစ်သောင်းခွဲကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲ၊ နေကြာ၊ ပန်းနှမ်းအပြင် ဖူးစားပြောင်း၊ ပဲမျိုးစုံ၊ စားဖိုဆောင်သီးနှံမျိုးစုံနှင့် တခြားအထွေထွေစားသုံးသီးနှံအပါအဝင် စုစုပေါင်း သီးနှံစုံ ၁၂၇၉၃၇ ဧကစိုက်ပျိုးရန်လျာထားပြီး စိုက်ပျိုးရာတွင် ဒေသခံတောင်သူများ သီးနှံအလိုက် လျာထားချက်ပြည့်မီစေရန် ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် သီးနှံစုံ ၂၅၁၇၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"သီးနှံအလိုက် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးမှာဖြစ်ပါတယ်။ ဆောင်းသီးနှံတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ လက်ရှိအချိန်ထိ စိုက်ပျိုးပြီးစီးမှုအနေနဲ့ မြေပဲ၊ နှမ်း၊ နေကြာစတဲ့ ဆီထွက်သီးနှံစုံဧက ၁၆၈၁၀၊ ဖူးစားပြောင်း ၇၄၈ ဧက၊ ပဲကြီး၊ ပဲနောက်၊ ထောပတ်ပဲနဲ့ တခြားပဲ ၅၆၃၂ ဧက၊ စားဖိုဆောင်သီးနှံစုံ ၄၅၃ ဧက၊ ဟင်းသီးဟင်းရွက်သီးနှံစုံ ၂၈၄ ဧက၊ ကွဲနွားတိရစ္ဆာန်အစာပင်ဧက ၁၁၂၀၊ အထွေထွေစားသုံးသီးနှံဧက ၁၃၀ စုစုပေါင်း ၂၅၁၇၇ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံအလိုက် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ၊ ဆွေးနွေးပွဲများဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေးနှင့် အလုံအလောက်ရရှိရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် သီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ်တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ရာသီအလိုက်သီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# စိုက်ပျိုးရေးနှင့် သီးနှံအောင်ရေဖြန့်ဝေပေးနိုင်ရန် ရေလက်တံမြောင်းများရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်

ပွင့်ဖြူ နိုဝင်ဘာ ၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒေသခံတောင်သူများ သီးနှံအထွက်နှုန်းကောင်းမွန်စေရေး စိုက်ပျိုးရေးနှင့်သီးနှံအောင်ရေအပြည့်အဝဖြန့်ဝေပေးနိုင်ရန် မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေဖြန့်ဝေပေးလျက်ရှိသော တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးဆည်ရေသောက်ဧရိယာအတွင်းရှိရေလက်တံမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်း၏ကြီးကြပ်မှုဖြင့် ဆည်ရေလုပ်သားများအဖွဲ့က တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ သီးနှံစိုက်ခင်းများ စိုက်ပျိုးရေးနှင့် သီးနှံအောင်ရေအပြည့်အဝရရှိစေရန် ရေပေးမြောင်းများအားလုံး မြောင်းဆုံး၊ မြောင်းဖျားအထိ ဆည်ရေရရှိစေရေးအတွက် ရေလက်တံမြောင်းများအတွင်း ပိတ်ဆို့နေသောရေမှော်ပင်များ၊ ဒိုက်ပင်များနှင့် ရွှံ့နုန်းမြေများကို စနစ်တကျဆယ်ယူရှင်းလင်းခြင်း၊ ရေပေးမြောင်းဘောင်ဘေးဝဲယာရှိ ခြုံနွယ်များနှင့်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် တောင်သူများသီးနှံစိုက်ခင်းများအတွက် ဆည်ရေရယူသုံးစွဲရာတွင် လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် စနစ်တကျသုံးစွဲရေး အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများရာသီအလိုက်သီးနှံများ စိုက်ပျိုးရာတွင် စိုက်ပျိုးရေနှင့်သီးနှံအောင်ရေလုံလောက်စွာရယူသုံးစွဲနိုင်ရန် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် စနစ်တကျဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# သဲကုန်းမြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် အသိပညာပေးဟောပြောပွဲကျင်းပ



သဲကုန်း နိုဝင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၅ ရက်တွင် မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေးက ကျောင်းသား၊ ကျောင်းသူများ အမျိုးသားအောင်ပွဲနေ့အပါအဝင် နေ့ထူးနေ့မြတ်များအား အစဉ်သတိရလေးစားမြတ်နိုးတန်ဖိုးထားတတ်စေရန်၊ စာပေဖတ်ရှုလေ့လာပြီး အသိပညာ ဗဟုသုတတိုးပွားစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက ကဗျာရွတ်ဆိုပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက အမှတ်တရဆုလက်ဆောင်များ အသီးသီးချီးမြှင့်ပေးအပ်သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသစာအုပ်စာစောင်များနှင့် အမျိုးသားအောင်ပွဲနေ့ အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်၊ လူကုန်ကူးမှုအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များ ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ကိုကျော်(ပြန်/ဆက်)**

မဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ညီ။ "ပင်စင်စား ကချေသည်တွေရဲ့ ဂေဟာမှာတုန်းက အစ်ကိုကြီးက ပြောတယ်။ တိုးတက်သောစာရေးဆရာ တစ်ယောက်တော့ဟုတ်တယ်။ ကွန်မြူနစ်တော့ မဟုတ်ဘူးတဲ့။ ဘာဖြစ်လို့ ကွန်မြူနစ်မဟုတ်တာလဲ အစ်ကိုကြီး"

နုပ်။ "တိုးတက်သော စာရေးဆရာတစ်ယောက်အနေနဲ့ ကားလ်မာ့က်စ်ရဲ့ စီးပွားရေးစနစ်ကိုတော့ လက်ခံယုံကြည်တယ်။ ကွန်မြူနစ်ပါတီဝင်တစ်ယောက်တော့ မဟုတ်ဘူးပေါ့ဗျာ"

ညီ။ "ဘာကြောင့် ပါတီထဲမဝင်တာလဲ အစ်ကို"

နုပ်။ "တပည့် မခံနိုင်ဘူး ဆိုပါတော့ဗျာ"

ညီ။ "တပည့်မခံနိုင်လျှင် အစ်ကိုကြီးက ဆရာဖြစ်အောင်လုပ်ပေါ့ဗျာ"

နုပ်။ "ဒီလိုလည်းမဖြစ်ပါဘူး။ ကျွန်တော်က ခေါင်းဆောင်တစ်ယောက်ဖြစ်ဖို့ အင်္ဂါအရည်အချင်းမရှိပါဘူး"

ညီ။ "အစ်ကိုကြီးက စဉ်းစားဉာဏ်ရှိတဲ့ လူတစ်ယောက်ပဲ ခင်ဗျာ"

နုပ်။ "စဉ်းစားဉာဏ်ရှိပေမယ့် လူတွေ စည်းရုံးတာတို့၊ ကြိုးကိုင်တာတို့နဲ့ စီမံခန့်ခွဲတာတို့ လုံးဝဝါသနာမပါဘူး။ တတ်လည်း မတတ်ဘူးဗျ။ ခေါင်းရှုပ်တယ်"

ညီ။ "ကျွန်တော်တို့တိုင်းပြည်နဲ့ ပတ်သက်လို့ အစ်ကိုကြီးက ဘာများဝေဖန်စရာရှိသလဲခင်ဗျာ"

နုပ်။ "ခင်ဗျားတို့ဆီမှာ ပြည်တွင်းရေးရာနဲ့ပတ်သက်လို့ မာ့က်စ်လီနင် (စတာလင်တော့ မထည့်တော့ပါဘူး။) တို့ဆီက ဆက်ခံရရှိထားတဲ့ မူသေစနစ်ကြောင့် တိုင်းပြည်ကြီးပွားနေခြင်းကို တွေ့ရတဲ့အတွက် ကျွန်တော်ဘာမှဝေဖန်စရာ မရှိပါဘူး။ ဝေဖန်နိုင်လောက်တဲ့ အရည်အချင်းလည်း ကျွန်တော့်မှာ မရှိပါဘူး"

ညီ။ "ဘာကိုတော့ ဝေဖန်ချင်သလဲ ခင်ဗျာ"

နုပ်။ "နိုင်ငံခြားနဲ့ ဆက်ဆံမှုဆိုင်ရာမှာတော့ ခင်ဗျားတို့မှာ မူသေနည်းမရှိသေးဘူး။ စမ်းပြီးလုပ်နေရတုန်းပဲရှိသေးတယ် မဟုတ်လား။ ဒီတော့ မှားချင်မှားနိုင်တယ်ပေါ့"

ညီ။ "ကျွန်တော်တို့မှာလည်း နည်းကောင်းရှိပါတယ် ခင်ဗျာ။ ဥပမာ ကမ္ဘာ့ငြိမ်းချမ်းရေးကိစ္စကြီးဟာ လမ်းမှန်တယ် မဟုတ်ဘူးလား ခင်ဗျာ"

နုပ်။ "ငြိမ်းချမ်းရေးဆိုတာကတော့ လမ်းမှန်ပါတယ်။ ယုံမှားဖွယ်မရှိပါဘူး။ သို့သော် လုပ်ပုံလုပ်နည်းကလိုသေးတယ်ဗျာ"

ညီ။ "ဘယ်လိုလဲ ခင်ဗျာ"

နုပ်။ ''ခင်ဗျားတို့ စလုပ်ကတည်းက နိုင်အောင်ဆိုပြီး သဘောထားတယ် မဟုတ်လား"

ညီ။ "တစ်ဖက်က စစ်တိုက်ချင်တဲ့လူတွေကို မတိုက်နိုင်အောင် နိုင်အောင်လုပ်ရမှာပဲ မဟုတ်လား ခင်ဗျာ"

နုပ်။ "ဒီကတည်းက သွားပြီ။ ခင်ဗျားတို့က နိုင်တာလိုချင်တာလား၊ ငြိမ်းချမ်းတာ လိုချင်တာလား"

ညီ။ "ဒီကိစ္စမှာ နိုင်တာနဲ့ ငြိမ်းချမ်းရေးနဲ့ဟာ တွဲနေတယ် မဟုတ်ဘူးလား ခင်ဗျ"

နုပ်။ "အဲဒါ ခင်ဗျားတို့လူစု ကောင်းကောင်းကြီးလွဲနေတာပဲ။ ကျွန်တော်ပြောမယ်။ အနိုင်ယူပြီး ငြိမ်းချမ်းရေးယူမယ်ဆိုလို့ ဤကမ္ဘာ ထိုကမ္ဘာ မရဘူး။ မှတ်ထားလိုက်ဗျာ"

ညီ။ "ဘယ်လိုပြောတာလဲ ခင်ဗျာ"

နုပ်။ "ခင်ဗျားတို့ အထင်ပေးထားပုံက အမေရိကန်တွေဟာ စစ်ဝါဒီတွေ (အနောက်ဂျာမနီကတော့ဟုတ်ပါတယ်) သူတို့ မတိုက်နိုင်အောင် လက်ကိုရိုက်ချိုးထားမှ ငြိမ်းချမ်းမှုရမလိုလို ခင်ဗျားတို့ ပြောတတ်ကြတယ် မဟုတ်လား။ ဘယ်လိုအဓိပ္ပာယ်ရှိသလဲ။ ခင်ဗျားတို့က သူတော်ကောင်းတွေ၊ သူတို့က သူယုတ်မာတွေ၊ ဒီသူယုတ်မာတွေကို ချိုးဖဲ့နှိမ်နင်းထားမှ ကမ္ဘာကြီး ငြိမ်းချမ်းမယ်ဆိုမဟုတ်လား။ ဒီလိုဆို သူတို့ခံချင်ပါ့မလား"

ညီ။ "ဟုတ်လည်း ဟုတ်တာကိုး ခင်ဗျာ့"

နုပ်။ "ဟုတ်တယ်ပဲ ထားဦး။ ဒီနည်းနဲ့ ငြိမ်းချမ်းရေးမရနိုင်ဘူး။ အခုတော့ ဟုတ်တာလည်းမဟုတ်ဘူး။ အမေရိကန်က စစ်တိုက်ချင်လျှင် ခင်ဗျားတို့ရဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးကြောင့် မတိုက်တာလား၊ ခင်ဗျားတို့ရဲ့ နျူကလီးယားလက်နက်တွေကြောင့် မတိုက်တာလား"

ညီ။ "ကမ္ဘာ့ငြိမ်းချမ်းရေးကြောင့်လည်း ပါမှာပေါ့ ခင်ဗျာ"

နုပ်။ "ဒါက ခင်ဗျားတို့ စိတ်ကူးယဉ်တာပါဗျာ။ သူတို့ကြောက်တာက နျူကလီးယားလက်နက်ပါဗျ"

ညီ။ "ဒါဖြင့် ကမ္ဘာ့လူထုအင်အားနဲ့ ဆောင်ရွက်နေကြတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းကြီးဟာ အလကားပဲလား ခင်ဗျာ"

နုပ်။ "လူထုသွေးစည်းမှုကို ကျွန်တော် အထင်မသေးဘူး။ သို့သော် ခင်ဗျားတို့ လုပ်ပုံကလမ်းလွဲနေတယ်"

ညီ။ "ဘယ်လို လွဲတာလဲခင်ဗျာ"

နုပ်။ "ခင်ဗျားတို့က အမေရိကန်အပေါ် အနိုင်ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်နေကြတာကိုးဗျ။ လက်ကို ရိုက်ချိုးမယ်၊ တုပ်နှောင်ထားမယ်ဆိုတဲ့ သဘောပဲဗျာ။ ဒီလိုမရဘူးဗျ။ အားလုံးလက်တွဲပြီး ဆောင်ရွက်ရမယ့် နည်းလမ်းကို အမေရိကန်ကြီးမပါဘဲ မနေနိုင်အောင် ကမ္ဘာ့လူထုနဲ့သိမ်းသွင်းပြီး ရယူတဲ့နည်းကို ရှာရမယ်ဗျ"

ညီ။ "အခုလည်း ကမ္ဘာ့လူထုနဲ့ သိမ်းသွင်းတာပဲ မဟုတ်ဘူးလား ခင်ဗျာ"

နုပ်။ "သိမ်းသွင်းပေမယ့် ခင်ဗျားတို့ စေတနာက မှုမှ မမှန်ဘဲဗျ။ တစ်ဖက်သားကို လူယုတ်မာအနေနဲ့ တင်ပြပြီး ရိုက်သွင်းချင်တာကိုးဗျ။ ဒီလိုအညှဲခံပြီး ဝင်ရမယ့် သဘောမျိုးနဲ့တော့ ဝေးသေးဗျာ"

ညီ။ "ဒါဖြင့် ကျွန်တော်တို့ ဘာလုပ်ရမလဲ ခင်ဗျာ"

နုပ်။ "စည်းရုံးတာကတော့ စည်းရုံးပါ။ တစ်ဖက်သားအပေါ် အနိုင်ယူဖို့ဆိုတဲ့ ရည်ရွယ်ချက်ကိုတော့ စွန့်လွှတ်လိုက်ပါ"

ညီ။ "ဘာထူးသေးလို့လဲ ဘရားသား"

နုပ်။ "ထူးပါသော်ကော။ ကျွန်တော်တို့ဆီက ကွန်မြူနစ်တွေကိုလည်း ကျွန်တော် ခဏခဏသတိပေးပါတယ်။ အရင်းရှင်တွေ ပျက်စီးပါစေဆိုတဲ့ ဒေါသစိတ်မျိုးနဲ့ အလုပ်မလုပ်ကြပါနဲ့။ အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသားတွေ ချောင်ချိကြပါစေဆိုတဲ့ စေတနာမျိုးနဲ့ အလုပ်လုပ်ကြပါလို့ သတိပေးရပါတယ်"

ညီ။ "ဘာထူးသေးသလဲ ခင်ဗျာ။ ပစ္စည်းကို သိမ်းယူတာချင်း အတူတူပဲ မဟုတ်ဘူးလား"

နုပ်။ "သိမ်းတာချင်းတူပေမယ့် စေတနာချင်းမတူလျှင် အကျိုးတရားချင်း မတူတတ်ဘူးဗျ"

ညီ။ "ဘာကြောင့်လဲ ဘရားသား"

နုပ်။ "ဒေါသဆိုတာ မကောင်းဘူး၊ မကောင်းကျိုး ပေါ်ထွက်တတ်တယ်။ မေတ္တာဆိုတာကောင်းတယ်၊ ကောင်းကျိုးပေါ်ထွက်တတ်တယ်။ ဒေါသနဲ့မေတ္တာဟာ မတူဘူးဆိုတာတော့ ခင်ဗျား ဝန်ခံမှာပေါ့"

ညီ။ "မတူတာတော့ သိပါတယ်။ နို့ပေမဲ့ အလုပ်ချင်းတူလျှင် အကျိုးတရားချင်း တူရမှာပေါ့ဗျ။ ဒေါသတို့၊ မေတ္တာတို့ဆိုတာတွေက စိတ်ပဲ။ အလုပ်မှ မဟုတ်တဲ"

နုပ်။ "စိတ်မှဖြစ်တဲ့ စေတနာတို့၊ မေတ္တာတို့ဆိုတာတွေဟာ၊ အကျိုးတရား ပေါ်ထွက်နိုင်တယ်ဆိုတာတွေဟာ ခင်ဗျားတို့ ကားလ်မာ့က်စ်ရဲ့ စာအုပ်ကြီးထဲမှာ မပါဘူး။ ရုပ်နဲ့လုပ်ရတဲ့ အလုပ်ကိုသာ အလေးပေးပြီး ဖော်ပြထားတာကိုး။ ဒါကြောင့်မို့ ခင်ဗျားတို့အလုပ်တွေဟာ မချောမောဘဲ တစ်ဆို့ဆို့ဖြစ်နေတာပဲ"

ညီ။ "ဒါကတော့ ဘရားသားရဲ့ စွပ်စွဲချက်ရှိတာပါ ခင်ဗျာ။ ဒါထားပါတော့။ ကမ္ဘာ့ငြိမ်းချမ်းရေးကိစ္စမှာ ကျွန်တော်တို့က တစ်ဖက်သားကိုအနိုင်ရချင်တဲ့ သဘောထားနဲ့ ဆောင်ရွက်ခြင်းဖြစ်တယ်လို့ ဘယ့်နှယ်စွပ်စွဲနိုင်သလဲဗျ"

နုပ်။ "သိပြီလားဗျာ။ ခင်ဗျားတို့ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဖရင့်တွေမှာ ဘာတွေပြောကြသလဲ။ တစ်ဖက်သားဟာ စစ်ဘီလူးကြီးဆိုပြီး အပြစ်အနာအဆာတွေ လျှောက်ပြောနေကြတယ် မဟုတ်ဘူးလား"

ညီ။ "ကမ္ဘာသူ၊ ကမ္ဘာသားတွေသိအောင် တိုင်ရတာပေါ့ ဘရားသား"

နုပ်။ "တိုင်တော့ ဘာဖြစ်သလဲ။ တစ်ဖက်သားက ဒေါသဖြစ်တယ်မဟုတ်လား"

**ဆက်လက်ဖော်ပြပါမည်။**

## ဇလွန်မြို့နယ်၌ တီလားဗီးယားငါးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

ဇလွန် နိုဝင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်၌ တီလားဗီးယားငါးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ဇလွန်မြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခင်ခင်၏ပြောကြားချက်အရ သိရသည်။



ဇလွန်မြို့နယ်၌ နိုဝင်ဘာလပထမပတ်မှစ၍ လက်ရှိအချိန်ထိ တီလားဗီးယားငါးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်ကြောင်း၊ အဆိုပါဒေသ၌ တစ်ရက်လျှင် တီလားဗီးယားငါးပိဿာ ၃၅၀၀ မှ ၄၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

''လက်ရှိမှာ တီလားဗီးယားငါးတွေ အဝယ်လိုက်နေပါတယ်။ တခြားဒေသဈေးကွက်က ဝယ်လက်တွေက အဝယ်များနေတာပါ။ ဇလွန်မြို့နယ်ကနေ တခြားဒေသတွေကို ပိဿာများများ တင်ပို့နေရလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒေသထွက်တီလားဗီးယားငါးတွေက ရောင်းပန်းလှပြီး အကင်ဆိုင်တွေ၊ ပင်လယ်စာရောင်းတဲ့ဆိုင်တွေရဲ့ အကြိုက်ပါ။ လက်ရှိ အရောင်းအဝယ်ကောင်းနေတာကြောင့် ရေလုပ်ငန်း၊ ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေအားလုံး အဆင်ပြေနေပါတယ်" ဟု ဒေါ်ခင်ခင်ကပြောသည်။

ဇလွန်မြို့နယ်၌ အရောင်းအဝယ် ကောင်းမွန်နေသည့် တီလားဗီးယားငါးများသည် အရွယ်အစားနှင့်လတ်ဆတ်မှုပေါ်မူတည်၍ ဈေးနှုန်းအမျိုးမျိုးရှိကြောင်း သိရသည်။

**သုတကျော်**

## ကျောက်ဆည်မြို့နယ်၌ စိုက်ပျိုးထားသော စံပြမိုးစပါးစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် နိုဝင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ မိုးစပါးစိုက်ပျိုးရာသီက စပါး ၅၂၃၃၄ ဧက စိုက်ပျိုးထားရှိပြီး တောင်နောက်၊ ကျားကာ၊ ပွတ္တိုင်ကျေးရွာအုပ်စုများတွင် စိုက်ပျိုးထားသော စံပြမိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

စံပြမိုးစပါးများ စိုက်ပျိုးရာတွင် တောင်နောက်ကျေးရွာအုပ်စု ဦးပိုင်အမှတ်(၄၅)ခုတွင် တောင်သူ ၄၅ ဦးက ရောမင်းမိုးစပါးဧက ၁၀၀၊ ကျားကာကျေးရွာအုပ်စု ဦးပိုင်အမှတ်(၂၃)ခုတွင် တောင်သူ ၂၂ ဦးက ရောမင်းမိုးစပါးဧက ၁၀၀၊ ပွတ္တိုင်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၂) ဦးပိုင်အမှတ်(၄၁)ခုတွင် တောင်သူ ၄၁ ဦးက အောင်နိုင်တိုးမိုးစပါးနှင့် ရောမင်းမိုးစပါး ဧက ၁၀၀ စုစုပေါင်း ဧက ၃၀၀ စိုက်ပျိုးထားခြင်းဖြစ်ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ မိုးစပါးများစိုက်ပျိုးရာတွင် ရောမင်း၊ မနောသုခ၊ ရွှေမနော်၊ အောင်နိုင်တိုး၊ GW-11 စသည့် စပါးမျိုးကွဲများကို ဇော်ဂျီဆည်ရေဖြင့် ၃၆၀၃၈ ဧက၊ ကင်းတားဆည်ရေဖြင့် ၁၅၅၀၃ ဧက၊ သစ်တက္ကူန်းဆည်ရေဖြင့် ၄၃၆ ဧက၊ မိုးရေဖြင့် ၂၄၇ ဧက၊ မြေအောက်စက်တွင်းရေဖြင့် ဧက ၁၁၀ စုစုပေါင်း ၅၂၃၃၄ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

❒ ကျောဖုံးမှအဆက်

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ အထွေထွေအတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး စီးပွားရေးဆိုင်ရာများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ သာသနိကအဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ဧည့်သည်တော် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ပြန်လည်ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများက မြန်မာ - ရုရှား နှစ်နိုင်ငံအလံငယ်များကိုဝှေ့ယမ်း၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးအား မြန်မာနိုင်ငံခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကို အမှတ်တရ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**



ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။





ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ အထွေထွေအတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးစဉ်။

---


■ တိုင်ဖွန်းမုန်တိုင်းမှ

ဆက်လက်ရွေ့လျားနိုင်ပြီး နိုဝင်ဘာလ ၆ ရက် ညပိုင်းတွင် ဗီယက်နမ်နိုင်ငံကမ်းခြေကိုဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။


**သတိပေးနှိုးဆော်ချက်**

အဆိုပါတိုင်ဖွန်းမုန်တိုင်း “ခန့်မေဂီ”မှ ပြတ်ထွက်လာသောတိမ်တိုက်များကြောင့် နိုဝင်ဘာလ ၈ ရက်မှ ၁၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင်နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**







# မြောင်းမြခရိုင်အတွင်း ပွင့်လင်းရာသီအမီ လမ်းများကောင်းမွန်စေရေး ဆောင်ရွက်နေမှု ၄၂ ရာခိုင်နှုန်းခန့်ပြီးစီး

မြောင်းမြ နိုဝင်ဘာ ၅


ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် လမ်းဦးစီးဌာနမှကြီးမှူး၍ ယခုဘဏ္ဍာနှစ်တွင် ခရိုင်အတွင်းရှိလမ်းများအား ပွင့်လင်းရာသီအမီ ကောင်းမွန်လာစေရေး ဆောင်ရွက်နေမှု လက်ရှိတွင် ၄၂ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း မြောင်းမြခရိုင် လမ်းဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင်၌ မြောင်းမြမြို့နယ်၊ အိမ်မဲမြို့နယ်နှင့် ဝါးခယ်မမြို့နယ်တို့ပါဝင်ပြီး မြောင်းမြခရိုင် လမ်းဦးစီးဌာနအနေဖြင့် စုစုပေါင်း ၁၃ လမ်း၊ လမ်းအရှည် ၁၅၅ မိုင်ခန့်ကို တာဝန်ယူကာ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရသည်။

"မြောင်းမြခရိုင် လမ်းဦးစီးဌာနအနေနဲ့ ဒီဘဏ္ဍာနှစ်မှာ အကျယ် ၂၄ ပေ ကတ္တရာလမ်းချဲ့ခြင်း ၂ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၁ မိုင် ၄ ဖာလုံ၊ လမ်းအနိမ့်အမြင့်ညှိခြင်း ၉ မိုင် ၇ ဖာလုံနဲ့ လမ်းအပေါက်ဖာထေးခြင်း ပေ ၄၂၅၀၀ ကျော်ကို ဆောင်ရွက်မှာဖြစ်ပြီး လက်ရှိအချိန်ထိ လုပ်ငန်းအားလုံးရဲ့ ၄၂ ရာခိုင်နှုန်းလောက် ပြီးစီးနေပါပြီ" ဟု မြောင်းမြခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းလွင်ကပြောသည်။

မြောင်းမြခရိုင် လမ်းဦးစီးဌာနအနေဖြင့် ခရိုင်အတွင်း လမ်းများကောင်းမွန်ကာ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပုသိမ်၊ ရန်ကုန်စသည့်မြို့ကြီးများနှင့် ဆက်သွယ်နေသော အဓိကလမ်းမကြီးဖြစ်သည့် လပွတ္တာ - မြောင်းမြ - အိမ်မဲ - ဝါးခယ်မ လမ်းမကြီးအပါအဝင် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ အသုံးပြုသွားလာမှုများသော လမ်းများအားလုံးကို အထူးအလေးထားကာ ပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သက်ဆိုင်ရာအင်ဂျင်နီယာများက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဆောင်းဦး**




# ဘိုကလေးမြို့နယ်ရှိ အင်းချောင်းများအတွင်း ငါးမျိုးစိုက်ထည့်နိုင်ရေး ငါးသားပေါက်များပေးအပ်

ဘိုကလေး နိုဝင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြစ်ချောင်းအင်းအိုင်များတွင် ရေသယံဇာတတိုးပွားစေရေးနှင့် ငါးသယံဇာတ မပြုန်းတီးစေခြင်းဖြင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာဖူလုံစေပြီး စားသုံးမှုမြင့်မားနိုင်ရေးရည်ရွယ်၍ အင်းချောင်းများအတွင်း ငါးမျိုးစိုက်ထည့်နိုင်ရေး ငါးသားပေါက်ပေးအပ်ခြင်းအခမ်းအနားကို နိုဝင်ဘာလ ၅ ရက်တွင် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပသည်။



အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင်များ၊ မြို့နယ်ကြေးတိုင်အင်းစိစစ်ရေးကော်မတီဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအောင်အောင်ဆွေနှင့် ဝန်ထမ်းများ၊ ကြေးတိုင်အင်းသားကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ခုနှစ် အင်းလုပ်ငန်းရာသီအတွက် မြို့နယ်အတွင်းရှိ ကြေးတိုင်အင်းများအတွင်း ငါးမျိုးများစိုက်ထည့်နိုင်ရေး အင်းသားကြီးများလက်ဝယ်သို့ ၄ လက်မအရွယ် ငါးတန်သားပေါက်အကောင်ရေ ၂၆၉၇၁၄ အား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# ဆီဆိုင်မြို့နယ်၌ ကျေးလက်အိမ်ရာများတည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ဆီဆိုင် နိုဝင်ဘာ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုခွင့်ပြုငွေဖြင့် ကျေးရွာနှစ်ရွာ၌ ကျေးလက်အိမ်ရာများ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာလ ၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လွင်လွင်ဦး၊ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သိန်းနွဲ့ဦးနှင့် တာဝန်ရှိသူများသည် ဟော်(တောင်)ကျေးရွာနှင့် ပုံးလောင်းကျေးရွာတို့၌ ကျေးလက်နေပြည်သူများအတွက် အလျား ၂၄ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၉ ပေရှိ ကျေးလက်အိမ်ရာ ခုနစ်လုံးတည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်ပြောကြားသည်။

ဟော်(တောင်)ကျေးရွာနှင့် ပုံးလောင်းကျေးရွာတို့၌ အဆိုပါ ကျေးလက်အိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေဖြင့် ယခုနှစ် ဇူလိုင်လဒုတိယပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာများရှိ ကျေးလက်နေပြည်သူများအတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွှန့်(ကျေးလက်)**

# အိမ်မဲမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာဧက ၂၃၀၀ ကျော် စိုက်ပျိုးမည်

မြောင်းမြ နိုဝင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာဧက ၂၃၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။



မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာဧက ၂၃၀၀ ကို နိုဝင်ဘာလတွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါနေကြာများ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ ဆီထွက်သီးနှံ နေကြာ ဧက ၂၃၀၀ လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံနေကြာတွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် လိုအပ်တဲ့ နည်းပညာတွေကို မစိုက်ပျိုးမီကတည်းက ကြိုတင်စီမံဆောင်ရွက်ပေးထားပါတယ်။ ဒေသခံတောင်သူတွေက အရင်နှစ်တွေကလည်း နေကြာစိုက်ပျိုးတဲ့ အတွေ့အကြုံရှိပါတယ်။ ဒါကြောင့် ဒီနှစ်စိုက်ပျိုးရာမှာ အထောက်အကူဖြစ်စေပါတယ်။ စိုက်ပျိုးမယ့် နေကြာစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတိုးစေဖို့နဲ့ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ဆက်လက်ဆောင်ရွက်ပေးသွားမှာပါ" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

အိမ်မဲမြို့နယ်၌ နေကြာများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို ကွင်းဆင်းပို့ချပေးခြင်း၊ လိုအပ်သောသွင်းအားစုများ ပံ့ပိုးပေးခြင်း၊ မြေဆီလွှာပြုပြင်မှုများ ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျအသုံးပြုမှုမှန်ကန်စေရန် နည်းပညာပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

# ခွာနာလျှာနာရောဂါကင်းရှင်းဇုန်ကြေညာနိုင်ပါက နေပြည်တော်ကောင်စီနယ်မြေမှထွက်ရှိသည့် မွေးမြူရေးထွက်ကုန်အေးခဲအသားများကို ပြည်ပသို့ တိုက်ရိုက်တင်ပို့ဆောင်ရွက်နိုင်မည်



နေပြည်တော် နိုဝင်ဘာ ၅

မဲခေါင်-လန်ချန်းစီမံကိန်း၏အထောက်အပံ့ဖြင့်ဆောင်ရွက်သည့် နေပြည်တော် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန် ကာကွယ်ဆေးထိုးနှံခြင်းနှင့် သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ်(၃၆) စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူများနှင့် စီမံကိန်းဒေသမှ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက ပြည်ပသို့ တရားဝင် ကျွဲ၊ နွား တင်ပို့နိုင်ရန်အတွက် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်ရေးစခန်း (AQS)၊ ခွာနာလျှာနာရောဂါကင်းရှင်းဇုန် (Disease Free Zone)၊ ခွာနာလျှာနာရောဂါကာကွယ်ဇုန် (Disease Protection Zone)၊ ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်(Disease Control Zone) များကို သတ်မှတ်ချက်အတိုင်း တည်ထောင်နိုင်ရေးအတွက် ဝန်ကြီးဌာနက မူဝါဒချမှတ်ပြီး အဆင့်ဆင့်ဆောင်ရွက်လျက်ရှိကြောင်း။

နေပြည်တော်ရှစ်မြို့နယ်၌ ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်အဖြစ် ၂၀၂၁ ခုနှစ် ဇွန်လ ၁၁ ရက်မှစ၍ ဌာနဘဏ္ဍာရန်ပုံငွေဖြင့် အခမဲ့ခွာနာလျှာနာရောဂါကာကွယ်ဆေးထိုးလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပြီး ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်အဖြစ် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်တွင် ကြေညာနိုင်ခဲ့ကြောင်း၊ ခွာနာလျှာနာရောဂါကင်းရှင်းဇုန်ကြေညာနိုင်ပါက နေပြည်တော်ကောင်စီနယ်မြေမှထွက်ရှိသည့် မွေးမြူရေးထွက်ကုန်အေးခဲအသားများကို ပြည်ပသို့တိုက်ရိုက်တင်ပို့ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တင်ပို့ခြင်းလုပ်ငန်းအတွက် သက်ဆိုင်ရာနိုင်ငံအစိုးရဝန်ကြီးဌာနများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီအသေးစိတ်ဆွေးနွေးမှု ဆောင်ရွက်ပြီး တစ်ဖက်တွင်လည်း ရောဂါကင်းရှင်းကြောင်း အတည်ပြုချက်များရရှိပြီးပါက ကုန်သွယ်ဖက်နိုင်ငံများသို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်ရန် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မွေးမြူရေးလုပ်ငန်းကိုစိတ်ဝင်စားပြီး အေးခဲအသားများထုတ်လုပ်ရန်ဆန္ဒရှိသူများအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ကြကြောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်များရရှိပြီး ဆောလျင်စွာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက ပြည်ပတင်ပို့ခွင့်ရသည်နှင့်တစ်ပြိုင်တည်း အေးခဲအသားများတင်ပို့နိုင်ကြမည်ဖြစ်၍ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းရှင်များအား ရှင်းလင်းဆွေးနွေးပြီး လိုအပ်ချက်များကူညီဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ခွာနာလျှာနာရောဂါကာကွယ်ဆေးထိုးနှံခြင်းဖြင့်ရရှိလာမည့် အကျိုးကျေးဇူးများနှင့် ကုန်သွယ်မှုလုပ်ငန်းများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင်ဆောင်ရွက်လျက်ရှိသည့် ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း အခမဲ့ဆောင်ရွက်ထားရှိမှုတို့ကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ဆွေးနွေးပွဲတက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက မဲခေါင်-လန်ချန်းစီမံကိန်း၏ အထောက်အပံ့ဖြင့်ဆောင်ရွက်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဆောင်ရွက်သည့် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန် ကာကွယ်ဆေးထိုးနှံခြင်းဆိုင်ရာတင်ပြချက်များနှင့် ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ဆရာ၊ ဆရာမများ၏သင်ကြားရေးစွမ်းရည်များမြှင့်တင်နိုင်ရန် ထိရောက်သည့်သင်တန်းများဖွင့်လှစ်ပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၅

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောက်ဆည်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းများသို့ရောက်ရှိပြီး Grade-12 သင် ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အလေးထားအားပေးဆောင်ရွက်ပေးလျက်ရှိပြီး သင်ကြားရေးနှင့် သင်ထောက်ကူပစ္စည်းများကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ Grade-9 အောင်မြင်ပြီးသည့်အခါတွင် Grade-12 သို့ ဆက်လက်မတက်ရောက်လိုပါက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများသို့ ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၈၉ ကျောင်း ဖွင့်လှစ်ထားရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအင်ဂျင်နီယာပညာရပ်များ သင်ကြားပေးလျက်ရှိကြောင်း၊ ယင်းကျောင်းများမှ အောင်မြင်ပြီးစီးပါက အဆင့်မြင့်ဘာသာရပ်များ ဆက်လက်ဆည်းပူးသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများ၏သင်ကြားရေးအရည်အသွေးကောင်းမွန်စေရန် ပညာရေးဝန်ကြီးဌာနကသုတေသနလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီး သုတေသနလေ့လာတွေ့ရှိချက်များအပေါ်တွင် အခြေခံ၍ သင်ကြားရေးစွမ်းရည်များ မြှင့်တင်နိုင်ရန် ထိရောက်သည့် သင်တန်းများဖွင့်လှစ်ပို့ချနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ စာကြည့်တိုက်အခြေပြုသင်ကြားရေးစနစ်ကို အားပေးလျက်ရှိရာတွင် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအနေဖြင့် စာကြည့်တိုက်သို့ ကိုယ်တိုင်သွားရောက်၍ အသုံးပြုလေ့လာကြပြီး ကျောင်းသား၊ ကျောင်းသူများလေ့လာနိုင်မည့်စာအုပ်များကို ဖြည့်ဆည်းထားရှိပေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးက Grade-12 အောင်ချက်ရာခိုင်နှုန်းမြင့်မားရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဆရာ၊ ဆရာမများ၊ မိဘများက သိရှိလိုသည်များနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်တက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့်တွေ့ဆုံ၍ တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အပန်းဖြေရိပ်သာ(Recreation Center) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေသည့် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ သတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီတည်ဆောက်ပြီးစီးရေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ မန္တလာတက္ကသိုလ်သို့ရောက်ရှိပြီး မန္တလာတက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ဘွဲ့နှင်းသဘင်ခန်းမကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအမှာစကားပြောကြား၍ သင်တန်းသား၊ သင်တန်းသူဆရာ၊ ဆရာမများ သင်ယူနေမှုများကို ကြည့်ရှုပြီး အားပေးစကားပြောကြားကာ ဘောလုံးအားကစားကွင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် နိုဝင်ဘာ ၅

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင်နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင်နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# သွေးပြန်ကြောထုံးရောဂါအကြောင်း သိကောင်းစရာ

**"သွေးပြန်ကြောထုံးခြင်း အနည်းငယ်ရှိပါက ပိုဆိုးမလာစေရန် ခြေထောက်များကို မြှင့်ထားခြင်းဖြင့် သွေးလည်ပတ်မှုကောင်းစေပြီး ခြေထောက်ရောင်ရမ်းခြင်းကိုသက်သာစေနိုင်သည်။ လဲလျောင်းနေစဉ် ခြေထောက်များကို တစ်နေ့သုံးကြိမ် သို့မဟုတ် လေးကြိမ် တစ်ကြိမ်လျှင် ၁၅ မိနစ်ခန့် မြှင့်တင်ရန်ကြိုးစားပါ။ အချိန်ကြာကြာထိုင်ရန် သို့မဟုတ် မတ်တတ်ရပ်ရန်လိုအပ်ပါက ခြေထောက်များကို ရံဖန်ရံခါကွေးညွတ်ပေးခြင်းသည် သွေးလည်ပတ်မှုကောင်းစေရန် ကူညီပေးနိုင်သည် . . ."**

သွေးပြန်ကြောထုံးရောဂါ ( Varicose Vein) သည် အလွန်အဖြစ်များပြီး ခြေထောက်များ၊ ခြေဖဝါးများနှင့် ခြေချင်းဝတ်များတွင် အရေပြား၏မျက်နှာပြင်အောက်ရှိ သွေးပြန်ကြောများ ရောင်ရမ်းတွန့်လိမ်၍ အဖုအထစ်များထွက်နေသောအခြေအနေတစ်ခုဖြစ်သည်။ ရောင်နေသောသွေးပြန်ကြောများကို အရေပြားအရောင်ပေါ်မူတည်၍ ခရမ်းရောင်၊ အပြာရောင် သို့မဟုတ် အရေပြားကဲ့သို့ အရောင်တူသောအကွက်များကို အလွယ်တကူမြင်နိုင်သည်။ တစ်ခါတစ်ရံ ခြေသလုံးပေါ်ရှိကြိုးများကဲ့သို့ဖြစ်နေတတ်သည်။ ယင်းတို့သည် နာကျင်ခြင်းနှင့် ယားယံခြင်းဖြစ်နိုင်ပြီး သွေးပြန်ကြောများ ရောင်ရမ်းမှုပြင်းထန်သောအခါ အရေပြားပေါ်တွင် အနာများဖြစ်စေနိုင်သည်။ တချို့လူများတွင် လှပမှုအတွက် စိုးရိမ်စရာဖြစ်သည်။ သွေးပြန်ကြောထုံးခြင်းသည် ခြေထောက်များတွင် အများဆုံးဖြစ်သော်လည်း ခန္ဓာကိုယ်၏တခြားအစိတ်အပိုင်းများတွင်လည်း တွေ့ရှိနိုင်သည်။

**သွေးပြန်ကြောထုံးခြင်းဖြစ်ပေါ်လာသောအကြောင်းရင်း**

သွေးပြန်ကြောထုံးခြင်းသည် အရေပြား၏မျက်နှာပြင်အနီးရှိ သွေးပြန်ကြောများတွင်ဖြစ်ပေါ်တတ်ပြီး သွေးပြန်ကြောများတွင် သွေးဖိအားများခြင်းကြောင့်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ လူတို့၏ခန္ဓာကိုယ်တွင် သွေးများသည် သွေးပြန်ကြောအတွင်းရှိ တစ်လမ်းသွားအဆို့ရှင်များဖြင့် နှလုံးဆီသို့ရွေ့လျားသည်။ အဆို့ရှင်များအားနည်းလာသောအခါ သို့မဟုတ် ပျက်စီးသွားသောအခါ သွေးပြန်ကြောများအတွင်း သွေးများစုပုံလာနိုင်သည်။ ထိုအခါ သွေးပြန်ကြောများကျယ်လာစေသည်။ ကြာရှည်စွာထိုင်ခြင်းနှင့်မတ်တတ်ရပ်ခြင်းသည် ခြေထောက်သွေးပြန်ကြောများအတွင်း သွေးများစုပုံလာစေပြီး သွေးကြောအတွင်း ဖိအားကိုတိုးလာစေပါသည်။ သွေးပြန်ကြောများသည် တိုးလာသောဖိအားမှ ဆန့်ထွက်နိုင်သောကြောင့် သွေးပြန်ကြောများကျယ်ပြီး ဖောင်းလာသောအခါ သွေးကြောနံရံများကိုအားနည်းစေကာ အဆို့ရှင်များကို ပျက်စီးစေနိုင်သည်။ မတ်တတ်ရပ်ပြီး လမ်းလျှောက်ခြင်းသည် ခန္ဓာကိုယ်အောက်ပိုင်းရှိ သွေးပြန်ကြောများကိုဖိအားများစေသောကြောင့် သွေးပြန်ကြောထုံးခြင်းအများစုကို ခြေထောက်ရှိသွေးပြန်ကြောများတွင် တွေ့ရတတ်သည်။

**သွေးပြန်ကြောထုံးနိုင်သောအခြေအနေများ**

မိသားစုဝင်များတွင် သွေးပြန်ကြောထုံးရောဂါရာဇဝင်ရှိလျှင် ဖြစ်နိုင်ခြေပိုများပါသည်။ အဝလွန်ခြင်းသည် သွေးပြန်ကြောများပေါ်တွင် ဖိအားထပ်တိုးစေသည်။ အသက်ကြီးလာသည်နှင့်အမျှ သွေးပြန်ကြောများစီးဆင်းမှုကိုထိန်းချုပ်ရန်ကူညီပေးသော သွေးပြန်ကြောရှိ အဆို့ရှင်များတွင်ပွန်းပဲ့ခြင်းနှင့်စုတ်ပြဲခြင်းတို့ကိုဖြစ်စေသည်။ အမျိုးသမီးများတွင် ဖြစ်နိုင်ခြေပိုများသည်။ ဟော်မုန်းများသည် သွေးကြောနံရံများကိုပြေလျော့စေသည်။ ထို့ကြောင့် ဓမ္မတာမပေါ်မီ၊ ကိုယ်ဝန်မဆောင်မီနှင့်သွေးဆုံးချိန်များတွင် ဟော်မုန်းအပြောင်းအလဲများကြောင့် သွေးပြန်ကြောများထုံးခြင်းဖြစ်စိမ့်သည်။ ပဋိသန္ဓေတားဆေးနှင့်ဟော်မုန်းကုသမှုများသည်လည်း သွေးပြန်ကြောထုံးခြင်းကိုဖြစ်စေနိုင်သည်။ ကိုယ်ဝန်ဆောင်ချိန်တွင် ခန္ဓာကိုယ်ထဲရှိသွေးပမာဏတိုးလာခြင်းသည် ကလေးကြီးထွားလာမှုကိုထောက်ပံ့ပေးသော်လည်း ခြေထောက်ရှိ သွေးပြန်ကြောများကိုပိုကြီးလာစေနိုင်သည်။ လှုပ်ရှားမှုသည် သွေးစီးဆင်းမှုကိုအထောက်အကူပြုသဖြင့် အချိန်ကြာကြာမတ်တတ်ရပ်ခြင်းနှင့် ခြေထောက်ချိတ်ထိုင်ခြင်းသည်လည်း သွေးပြန်ကြောထုံးခြင်းဖြစ်စိမ့်ပါသည်။

**သွေးပြန်ကြောထုံးခြင်း၏နောက်ဆက်တွဲပြဿနာများ**

လူအများစုအတွက် သွေးပြန်ကြောထုံးရောဂါသည် များသောအားဖြင့် မပြင်းထန်ဘဲ နောက်ဆက်တွဲပြဿနာများမရှိပါ။ တချို့သောလူနာများတွင် ကုသမှုမခံယူပါက သွေးပြန်ကြောထုံးရောဂါသည် ခြေထောက်များဖောရောင်လာခြင်း၊ အရေပြားတွင် အနာများဖြစ်ခြင်း၊ အနာမကျက်ခြင်း၊ သွေးထွက်ခြင်း၊ ရောင်ရမ်းခြင်းနှင့် အရေပြားအရောင်ပြောင်းခြင်းတို့ကိုဖြစ်စေနိုင်သည်။

သို့သော် ပိုမိုပြင်းထန်သောအခြေအနေရှိပါက နောက်ဆက်တွဲကျန်းမာရေးပြဿနာများဖြစ်လာနိုင်သည်။ ပြင်းထန်သောသွေးပြန်ကြောထုံးရောဂါသည် နာတာရှည်သွေးလည်ပတ်စီးဆင်းမှု မလုံလောက်ခြင်း၏လက္ခဏာများဖြစ်လာနိုင်သည်။ ဤအခြေအနေသည် သွေးပြန်ကြောများမှ နှလုံးဆီသို့ သွေးများညှစ်ထုတ်နိုင်စွမ်းကို ထိခိုက်စေပါသည်။ အပေါ်ယံသွေးပြန်ကြောများအတွင်းတွင် ကာလကြာရှည်ရောင်ရမ်းခြင်း (Chronic Superficial Thrombophlebitis) အတွက် နာကျင်ခြင်းနှင့် သွေးခဲခြင်းများဖြစ်ပေါ်နိုင်သော်လည်း များသောအားဖြင့် အန္တရာယ်မရှိပါ။ ကုသ၍လည်းရပါသည်။

တစ်ခါတစ်ရံတွင် ပြင်းထန်သောအပေါ်ယံသွေးပြန်ကြောထုံးရောဂါကြောင့် ခန္ဓာကိုယ်အတွင်းပိုင်းရှိ သွေးပြန်ကြောများ ပိုကြီးလာပြီး ခြေထောက်အတွင်းပိုင်းတွင်ရှိသော သွေးပြန်ကြောများတွင်ပါ သွေးခဲခြင်း (Deep Vein Thrombosis)ဖြစ်နိုင်ခြေရှိသည်။ ထိုအခါ ခန္ဓာကိုယ်ရှိ သွေးခဲများသည် အဆုတ်ထဲသို့ဝင်ရောက်နိုင်ပြီး (Pulmonary embolism) ဖြစ်ပါက ချက်ချင်းကုသရန်လိုအပ်သော အသက်အန္တရာယ်ရှိသည့် အခြေအနေတစ်ခုဖြစ်သည်။ ထို့ကြောင့် ပြင်းထန်သောသွေးပြန်ကြောထုံးရောဂါအခြေအနေရှိပါက ဆရာဝန်နှင့်စောစီးစွာပြသ၍သွေးခဲခြင်းဆိုင်ရာရောဂါများအတွက် အကဲဖြတ်စောင့်ကြည့်ရန် အရေးကြီးပါသည်။

**ရောဂါရှာဖွေမှုနှင့်စမ်းသပ်စစ်ဆေးမှုများ**

ကျန်းမာရေးရာဇဝင်နှင့် ရောဂါလက္ခဏာများအကြောင်းမေးခွန်းများမေးပြီး သွေးပြန်ကြောများကို ရှာဖွေစစ်ဆေးရန်လိုအပ်ပါသည်။ သွေးပြန်ကြောများသည် အရေပြားမျက်နှာပြင်နှင့်နီးကပ်နေပြီး မြင်ရန်လွယ်ကူသည်။ သွေးပြန်ကြောများ၏သွေးစီးဆင်းမှုနှင့် ခြေထောက်သွေးပြန်ကြောများတည်ဆောက်ပုံကိုစစ်ဆေးရန်၊ သွေးခဲများနှင့်အဆို့ရှင်များအလုပ်လုပ်ပုံကိုကြည့်ရန် အသံလှိုင်းများကို အသုံးပြုသောသွေးကြောဆိုင်ရာ အာထရာဆောင်းရိုက်ရမည်ဖြစ်သည်။

**ကုသမှုနည်းလမ်းများ**

ရောဂါကုသမှုမခံယူပါက တစ်ခါတစ်ရံတွင် သွေးပြန်ကြောထုံးရောဂါလက္ခဏာများပိုဆိုးလာနိုင်သည်။ ပြင်းထန်သောသွေးပြန်ကြောထုံးရောဂါများတွင် နောက်ဆက်တွဲပြဿနာများကို ကာကွယ်ရန်ခွဲစိတ်ကုသခြင်း သို့မဟုတ် လေဆာဖြင့်ကုသခြင်းဖြင့် ကုသရန်လိုအပ်နိုင်သည်။

သွေးပြန်ကြောထုံးခြင်းအနည်းငယ်ရှိပါက ပိုဆိုးမလာစေရန် ခြေထောက်များကိုမြှင့်ထားခြင်းဖြင့် သွေးလည်ပတ်မှုကောင်းစေပြီး ခြေထောက်ရောင်ရမ်းခြင်းကိုသက်သာစေနိုင်သည်။ လဲလျောင်းနေစဉ် ခြေထောက်များကို တစ်နေ့သုံးကြိမ် သို့မဟုတ် လေးကြိမ် တစ်ကြိမ်လျှင် ၁၅ မိနစ်ခန့် မြှင့်တင်ရန်ကြိုးစားပါ။ အချိန်ကြာကြာထိုင်ရန် သို့မဟုတ် မတ်တတ်ရပ်ရန်လိုအပ်ပါက ခြေထောက်များကို ရံဖန်ရံခါကွေးညွတ်ပေးခြင်းသည် သွေးလည်ပတ်မှုကောင်းစေရန်ကူညီပေးနိုင်သည်။ ဖိအားပေးသောခြေအိတ်များသည် သွေးပြန်ကြောများကိုညှစ်ပေးပြီး သွေးများစုပုံခြင်းမှ ကာကွယ်ပေးသဖြင့် နေ့တိုင်းဝတ်ဆင်ခြင်းဖြင့် သက်သာစေနိုင်ပါသည်။

**ကာကွယ်မှုနည်းလမ်းများ**

မိသားစုရာဇဝင် သို့မဟုတ် အသက်အရွယ်ကြီးလာခြင်းကြောင့်ဖြစ်သော သွေးပြန်ကြောထုံးခြင်းကိုရှောင်ရှားရန်ခက်ခဲပါသည်။ သို့သော် ကျန်းမာသော လူနေမှုပုံစံကိုပြောင်းလဲခြင်းဖြင့် အန္တရာယ်ကိုလျော့ချနိုင်သည်။ သွေးပြန်ကြောပြဿနာများကို တတ်နိုင်သမျှနှောင့်နှေးစေရန်နှင့် ရှိပြီးသားသွေးပြန်ကြောထုံးများပိုဆိုးမလာစေရန် တားဆီးနိုင်သည်။ ကျန်းမာရေးနှင့်ညီညွတ်သောကိုယ်အလေးချိန်ကို ထိန်းသိမ်းခြင်း၊ လမ်းလျှောက်ခြင်းနှင့် တခြားသောကိုယ်လက်လှုပ်ရှားမှုများက သွေးပြန်ကြောများမှတစ်ဆင့် သွေးများကိုရွေ့လျားစေပြီး နှလုံးဆီသို့ ပြန်လည်ရောက်ရှိစေရန်ကူညီပေးနိုင်ပါသည်။သွေးစီးဆင်းမှုနှင့်ကြွက်သားများအားကောင်းလာခြင်းသည် သွေးပြန်ကြောထုံးရောဂါဖြစ်နိုင်ခြေကိုလျော့ကျစေပါသည်။ သို့သော် ပြင်းထန်သောလေ့ကျင့်ခန်းများသည် သွေးပြန်ကြောထုံးခြင်းကိုပိုဆိုးစေနိုင်သည်။ သွေးပြန်ကြောထုံးခြင်းကိုကာကွယ်ရန် အကျိုးကျေးဇူးအများဆုံးလေ့ကျင့်ခန်းမှာ သွေးလည်ပတ်မှုအားကောင်းစေသည့် လမ်းလျှောက်ခြင်းနှင့်ယောဂကျင့်ခြင်းဖြစ်သည်။ ယောဂကျင့်ခြင်းသည် ခြေသလုံးကြွက်သားများနှင့် တံကောက်ကြောရှိ အတွင်းကြွက်သားများကို ဆန့်ထုတ်နိုင်စေရန် ကူညီပေးသည်။ နှလုံးထက် ခြေထောက်ကိုပိုမြင့်စေမည့် ကိုယ်ဟန်အနေအထားများစွာကို လေ့ကျင့်နိုင်ပါသည်။ တခြားအကျိုးရှိသောလေ့ကျင့်ခန်းများမှာ စက်ဘီးစီးခြင်းနှင့်ရေကူးခြင်းတို့ဖြစ်သည်။

အမျိုးသမီးများတွင် ဟော်မုန်းဓာတ်များသော သန္ဓေတားဆေးများသောက်သုံးခြင်းသည် သွေးပြန်ကြောရှိအဆို့ရှင်များကို အားနည်းသွားစေသဖြင့် ကြာရှည်အသုံးပြုခြင်းကိုရှောင်ကြဉ်ရန် အကြံပြုထားသည်။ အချိန်ကြာမြင့်စွာ မတ်တတ်ရပ်ခြင်း သို့မဟုတ် ထိုင်ခြင်းသည် ခြေထောက်များတွင် သွေးလည်ပတ်မှုကိုလျော့ကျစေပြီး သွေးပြန်ကြောထုံးခြင်းဖြစ်စေနိုင်သဖြင့် အနည်းဆုံး မိနစ် ၃၀ ကြာတိုင်း ဆန့်ထုတ်ခြင်း သို့မဟုတ် လမ်းလျှောက်သည့်လှုပ်ရှားမှု မကြာခဏပြုလုပ်ပါ။ ထိုင်ခြင်း သို့မဟုတ် လဲလျောင်းသည့်အခါ ခြေထောက်များကိုမြှောက်ထားပါ။ ဆေးလိပ်သောက်ခြင်းသည် သွေးပြန်ကြောများကို ပျက်စီးစေပြီး နှလုံးဆီသို့ သွေးပြန်ဝင်ရန်ခက်ခဲစေသဖြင့် ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ပါ။ ဒေါက်မြင့်ဖိနပ်များသည် ခြေထောက်များတွင် သွေးစီးဆင်းမှုကိုထိခိုက်စေနိုင်၍ ဒေါက်မြင့်ဖိနပ်ကိုအချိန်ကြာကြာဝတ်ဆင်ခြင်းမှ ရှောင်ကြဉ်သင့်သည်။ တင်းကျပ်သောအဝတ်အစားများသည် သွေးစီးဆင်းရန်ခက်ခဲစေသဖြင့် ရှောင်ကြဉ်ပါ။ အမျှင်ဓာတ်များသော၊ ဆားနည်းသောအစားအစာများသည် သွေးစီးဆင်းမှုကိုကောင်းမွန်အောင်ကူညီပေးနိုင်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

ဒေါက်တာသိင်္ဂီကျော်

---

# နတ်မောက်မြို့နယ်၌ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

နတ်မောက် နိုဝင်ဘာ ၅

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပညာရေးဌာနတို့ ပူးပေါင်း၍ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို နိုဝင်ဘာလ ၅ ရက်တွင် မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ကျောင်းသား၊ ကျောင်းသူများ စာပေလေ့လာဖတ်ရှုသည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ အနာဂတ်တွင် အသိပညာဗဟုသုတကြွယ်ဝသည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်စေရန် ရည်ရွယ်၍ ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့ ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲသို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(အောင်ဆန်း)တို့မှကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား နိုဝင်ဘာလ ၁၄ ရက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း**

# ပြည်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**ပဲခူး နိုဝင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့ဝင်များသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ပြည်မြို့နယ်အတွင်း၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပြည်မြို့ မြကန်သာရပ်ကွက်အတွင်း၌ နှစ်စဉ်ရေကြီးနစ်မြုပ်မှု လျော့နည်းစေရေးအတွက် အုတ်ရေမြောင်းပြုလုပ်ရန်၊ အုတ်ရေမြောင်းနှင့် တစ်ဆက်တည်း ကွန်ကရစ်လမ်းခင်းပေးရန်၊ လမ်းဧရိယာနှင့်မလွတ်ကင်းသည့် လမ်းမီးတိုင်များ နေရာပြောင်းရွှေ့ရန်နှင့် အနောက်နန်းကန်တော်အား ပြန်လည်အဆင့်မြှင့်တင်ဖော်ထုတ်နိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပွင့်လှသိမ်ကုန်းရပ်ကွက်အတွင်းရှိ အများပြည်သူအဓိကအသုံးပြုနေရသည့် ပွင့်လှသိမ်ကုန်းမြေသားလမ်းအား ကြည့်ရှုစစ်ဆေးပြီး ရာသီမရွေးသွားလာနိုင်ရေးအတွက် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန်၊ လမ်းပခုံးသားများအမာခံရရှိအောင်ဆောင်ရွက်ရန်၊ လမ်းဧရိယာအတွင်း ရေဝပ်မှုမရှိစေရေး ရေမြောင်းထည့်သွင်းဆောင်ရွက်ရန်နှင့် လမ်းမီးတိုင်များ မီးလင်းစေရေး ကွင်းဆင်းစိစစ်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့နယ် မော်ဇာကျေးရွာအုပ်စုအတွင်းရှိ လက်သည်းရေကန်တောင်ကျောင်း(ခ) သုံးပန်လှကျောင်းဝင်းအတွင်းရှိ မန္တလေးလျှောင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့သည့် ရှေးဟောင်းနှစ်ထပ်အုတ်ကျောင်းဆောင် ပြန်လည်ပြုပြင်မွမ်းမံနေမှုအား ကွင်းဆင်းကြည့်ရှုရာ တာဝန်ရှိသူများက ရှေးဟောင်းနှစ်ထပ်အုတ်ကျောင်းဆောင်အား ရှေးမူလက်ရာမပျက် အပိုင်းလိုက်ပြန်လည်ပြင်ဆင်မှုများအား ရှင်းလင်းတင်ပြသဖြင့် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့ ရတနာမာန်အောင်ရပ်ကွက် နှင်းဆီလမ်း၌ အရှည်ပေ ၁၄၅၀ ရှိသည့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေး ကြည့်ရှုစစ်ဆေးပြီး မြို့တွင်းလမ်းများအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေး နှစ်အလိုက် ဦးစားပေးလမ်းများ စိစစ်တင်ပြရန်၊ ရပ်ကွက်အတွင်း လမ်းမီးကြိုးများ ပြန်လည်လဲလှယ်ပေးရန်၊ လမ်းဧရိယာများသတ်မှတ်၍ ကျူးကျော်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်မှာကြားကြောင်း သိရသည်။

ဥဿာတိုင်းသား

## ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများနှင့် သဘာဝဘေးကြိုတင် ကာကွယ်ရေးအသိပညာပေး

**မိုးနဲ နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် လွိုင်လင်းခေတ်မီစံပြကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာနေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်စေရေးအတွက် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဌာနမှူး ဒေါက်တာဇင်မီဟန်က ပုံမှန်ကာကွယ်ဆေးနှင့် ကျန်းမာရေးဆိုင်ရာသိကောင်းစရာများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးဇော်ဇော်မိုးက သစ်တောသစ်ပင်ထိန်းသိမ်းရေးဆိုင်ရာများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးခွန်မောင်ဟိန်းက အမှိုက်များစနစ်တကျခွဲခြားစွန့်ပစ်ရေး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်ခိုင်က ခေတ်မီစံပြကျေးရွာထူထောင်ခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဌာနမှူး ဦးကျော်ကိုကိုသက်က သဘာဝဘေးနှင့်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့ကို ရှင်းလင်းပြောကြားပြီး လက်တွေ့မီးငြိမ်းသတ်မှုများကို ကျေးရွာနေပြည်သူများနှင့်အတူ သရုပ်ပြဆောင်ရွက်ကြောင်း သိရသည်။ **ကာရံ(ကျေးလက်)**

## စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ကုလားပဲသီးနှံဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**စစ်ကိုင်း နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ကုလားပဲသီးနှံဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်၌ ကုလားပဲသီးနှံ ၂၈၄၁၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ မှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ၁၁၅၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

စစ်ကိုင်းမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈)နှင့် ရေဆင်း(၁၁)မျိုးများကို ရွေးချယ်စိုက်ပျိုးကြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများပေးအပ်ခြင်း၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်း စသည်တို့ကို တောင်သူများနှင့်ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲမျိုးစုံစိုက်ပျိုးချိန်တွင် ထရိုင်ကိုဒါးမါးအကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး စည်းရုံးပညာပေးခြင်းလုပ်ငန်းများကို အကျိုးဆောင်တောင်သူများအား ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၁၁-၂၀၂၅(ကြာသပတေးနေ့)

၁။ ၀၆:၀၀ တရားတော် **ရွှေဘုံသံသာ**
၂။ ၀၉:၀၀ ကျန်းမာသုတ **ဒါရိုက်တာ-ဇော်မိုးထွေး**
၃။ ၁၁:၀၀ လူတိုင်းကျန်းမာသိမှတ်စရာ
၄။ ၁၃:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၅။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင်
၆။ ၁၈:၃၀ **ရုပ်မြင်သံကြားဇာတ်လမ်း စိတ်ကောင်းရှိဖို့က ပထမ သရုပ်ဆောင်-အောင်ပြည့်လျှံ၊**
၇။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ဟောပြောချက် အစီအစဉ်**
၈။ ညစ နာရီ သတင်း အပြီး အတွေးအမြင်
၉။ တရားတော်

### MWD Variety Channel

၆-၁၁-၂၀၂၅(ကြာသပတေးနေ့)

၁။ ၀၉:၂၀ အားကစားနည်းသမိုင်းကြောင်း
၂။ ၁၀:၃၈ ဖန်တီးသူတို့အနုပညာ
၃။ ၁၁:၃၀ ကဗျာအလှ ရသလွင်ပြင်
၄။ ၁၂:၄၄ Variety Choice
၅။ ၁၄:၃၅ The Beautiful Land

## သာပေစွ လမြတ်တန်ဆောင်

❖ သာပေစွ လတန်ဆောင်
မြအရောင် ကြော့ရှင်း။
ပုလဲရည် တွဲသီဖြန့်
သင်းပျံ့လေညင်း။

❖ လှူကထိန် မြတ်သင်္ကန်း
မင်္ဂလမ်းသို့ ဆုပန်ရွယ်
ကောင်းမှုပြုတယ်။
သံဃာအား ရည်မှန်းရွယ်
လှူကြမယ် ခြိမ့်ခြိမ့်သဲ။
ကောင်းကျိုးဖြာ ပီတိကဲလို့
နွှဲတဲ့အလှူပွဲ။

❖ သာပေစွ လက်ခတ်သံ
နားဝင်ပီယံ ချိုအေး။
ရက်ကန်းစင် မသိုးသင်္ကန်း
လှူဒါန်းဖို့လေး။

❖ သာပေစွ ကထိန်မဟာ
မြိုင်ဆိုင်စွာ အလှူခင်း။
ပန်ဆုယူ နိဗ္ဗူနန်း
လှမ်းစို့ဆွေချင်း။

❖ သာပေစွ ညယံမှာ
လစန္ဒာ ပြည့်ဝန်း။
သာမညဖလ အခါတော်နေ့
ချမ်းမြေ့ကြည်ရွှန်း။

❖ တန်ဆောင်ည လမြတ်ပါ
တို့ရိုးရာ ဂုဏ်ရောင်ဝင်း။
တို့မြန်မာ စေတနာဆင့်လေတော့
ဝေဆာတင့် ဂုဏ်တစ်သိန်မို့
ဘုံကထိန် အလှူပွဲကို
နွှဲစို့ဆွေရင်း။ ။

**ချမ်းမြဆောင်း(ကလော)**

### MWD Education, Knowledge & Sports Channel

၆-၁၁-၂၀၂၅(ကြာသပတေးနေ့)

၁။ ၀၇:၀၀ – ၀၈:၃၅ Grade – 8 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁)
၂။ ၁၅:၃၀ – ၁၆:၀၀ Grade – 8 သင်္ချာ(၂)၊ ပထဝီဝင်
၃။ ၁၆:၀၀ – ၁၇:၄၅ Grade – 8 သမိုင်း၊ သိပ္ပံ

# မင်းလှမြို့၌ မွေးကင်းစမှအသက်တစ်နှစ်ခွဲအထိကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေး



မင်းလှ နိုဝင်ဘာ ၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မွေးကင်းစမှအသက်တစ်နှစ်ခွဲအထိကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို နိုဝင်ဘာလ ၅ ရက်တွင် တောင်ရပ်ကွက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဆောင်ရွက်သည်။

အဆိုပါကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမဒေါ်ဇင်မာဝင်းနှင့်ဆရာမများက မြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိကလေးငယ်များအား အသက်အရွယ်အလိုက် ဘီစီဂျီ၊ ပိုလီယို၊ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှော(ရိုတာ)၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ)၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးများထိုးနှံပေးပြီး ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံပေးသည်။

မင်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကိုယ်ဖစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်း၊ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

# ရွှေမင်းဝန် စေတီတော်မြတ်ကြီး၌ ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းစာရေးတံမဲ ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ဆိပ်ဖြူ နိုဝင်ဘာ ၅

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ ကျက်သရေဆောင် ရွှေမင်းဝန်စေတီတော်မြတ်ကြီး၏ (၁၀၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းစာရေးတံမဲဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာလ ၄ ရက်က ကျင်းပသည်။

ဆိပ်ဖြူမြို့ကျက်သရေဆောင် ရွှေမင်းဝန်စေတီတော်မြတ်ကြီးကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပပူဇော်လေ့ရှိပြီး ပူဇော်ပွဲကျင်းပရာသို့ နာယကဆရာတော်ကြီးများ၊ မြို့ပေါ်ကျောင်းတိုက်အသီးသီးမှ သံဃာတော်များ ကြွရောက်တော်မူကြပြီး ဆွမ်းစာရေးတံမဲအလှူရှင်များဖြစ်သည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရွှေမင်းဝန်စေတီတော်မြတ်ကြီး ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်မိသားစုဝင်များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ပူဇော်ကြသည်။

ယင်းနောက် ဆိပ်ဖြူမြို့ကျက်သရေဆောင် ရွှေမင်းဝန်စေတီတော်မြတ်ကြီး၏ နာယက သက်တော်ရှည်ဆရာတော်ကြီးများထံမှ ဩဝါဒကထာများနာယူပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်မင်းထွန်းနှင့်တာဝန်ရှိသူတို့က ဆွမ်းစာရေးတံမဲများကို သံဃာတော်များအားဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းစာရေးတံမဲများ မဲဖောက်ခြင်းတို့ဆောင်ရွက်သည်။

ယင်းနောက် သက်ဆိုင်ရာဆွမ်းစာရေးတံမဲအလှူရှင်အသီးသီးတို့က သံဃာတော်များအား ဆွမ်းစာရေးတံမဲဆွမ်းလုံးကြီးများနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **ကိုဖွဲ့(အညာမြေ)**

# ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ




စလင်း နိုဝင်ဘာ ၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့ UHW ကိုယ်ပိုင်အထက်တန်းကျောင်း၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် UHW ကိုယ်ပိုင်အထက်တန်းကျောင်းတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ၊ အသိပညာဗဟုသုတရရှိစေရန် အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၅ ရက်တွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲများ ကျင်းပသည်။

ရေဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလင်းက နယ်လှည့်ကွင်းဆင်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးငယ်များလူကုန်ကူးမှုခံရခြင်းမှကင်းဝေးစေရန်၊ ကလေးအလုပ်သမားအဖြစ်ခိုင်းစေခံရခြင်းမှ ကင်းဝေးစေရန် သတိထားသင့်သည့်အချက်များ၊ သတိပြုရမည့်သူများ၊ လူကုန်ကူးမှုအမျိုးအစားများ၊ လူစုဆောင်းသည့်နည်းလမ်းများ စသည့်အသိပညာပေးအကြောင်းအရာများကို ဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်ပြပွဲနှင့် ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **မောင်လွင်**

# ကျောက်ဆည်မြို့နယ်၌ ဖီးကြမ်းငှက်ပျောများ တိုးချဲ့စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ကျောက်ဆည် နိုဝင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ တောင်သူများအနေဖြင့် စပါး၊ ကြက်သွန်၊ ရေတိ၊ မြေပဲ၊ နှမ်း၊ ဝါ၊ ကုလားပဲ၊ ငှက်ပျော စသည့်သီးနှံမျိုးစုံ စိုက်ပျိုးကြရာ ကိုင်းကျွန်းမြေနှင့်ယာမြေတချို့၌ ဈေးကောင်းရရှိသော ဖီးကြမ်းငှက်ပျောများ တိုးချဲ့စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ငှက်ပျောစိုက်ပျိုးရာတွင် လုပ်သားလိုအပ်မှုနည်းပါးခြင်း၊ မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်သည့်အပြင် အပင်ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးနိုင်ပါက အကျိုးအမြတ်ရရှိနိုင်သော သီးနှံတစ်မျိုးဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

ငှက်ပျောစိုက်တောင်သူများအနေဖြင့် ငှက်ပျောကို ဝါဆို၊ ဝါခေါင်လများတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ဒေသအလိုက် တစ်ပင်တန်းစိုက်ပျိုးခြင်းနှင့်နှစ်ပင်တန်း စိုက်ပျိုးခြင်းဟူ၍ အမျိုးမျိုးစိုက်ပျိုးကြပြီး တစ်ပင်တန်းစိုက်ပျိုးပါက တစ်ပင်နှင့်တစ်ပင်၊ တစ်တန်းနှင့်တစ်တန်းရှစ်ပေအကွာ စိုက်ပျိုးကြပြီး နှစ်ပင်တန်း(စွယ်စုံ) စိုက်ပျိုးပါက တစ်ပင်နှင့်တစ်ပင်နှစ်ပေ၊ တစ်တန်းနှင့်တစ်တန်း ၁၀ ပေခန့်အကွာ စိုက်ပျိုးကြကြောင်း သိရသည်။

ငှက်ပျောစိုက်ပျိုးရာတွင် ရေ၊ မြေနှင့်အပင်ပြုစုမှုကောင်းပါက စိုက်ပျိုးပြီး ရှစ်လအကြာတွင် ငှက်ပျောအဖူးများ စတင်ထွက်ရှိပြီး သက်တမ်း ၁၂ လအကြာ ခုတ်ယူရောင်းချနိုင်ကြောင်း၊ နှစ်ပင်တန်း(စွယ်စုံ) စိုက်ပျိုးမည်ဆိုပါက တစ်ဧကလျှင် ငှက်ပျောအပင် ၈၀၀ ခန့်စိုက်ပျိုးနိုင်ပြီး ကုန်ကျမှုအနေဖြင့် ထယ်စရိတ်၊ ထွန်စရိတ်၊ ပျိုးပင်ဖိုးနှင့်စိုက်ပျိုးစရိတ် အပါအဝင် ရေတင်ခြင်း၊ မြေဩဇာအသုံးပြုကုန်ကျစရိတ်ရှိခြင်း၊ ပင်စည်ခုတ်လှဲရှင်းလင်းခြင်း စသည့်ကုန်ကျမှုများရှိပြီး ခုတ်ယူရောင်းချရာတွင် ဈေးကောင်းရရှိနိုင်သောကြောင့် ကုန်ကျမှုစရိတ်ကာ မိသည့်အပြင် အကျိုးအမြတ်များရရှိသည့်အတွက် ငှက်ပျောစိုက်တောင်သူများအနေဖြင့် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **ချမ်းမြေ့**



# ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်

နေပြည်တော်  နိုဝင်ဘာ ၅

၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားရုံ (A) ရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တက်ရောက်သည်။

အဆိုပါဖူဆယ်ပြိုင်ပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြ



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင်အမှာစကားပြောကြားစဉ်။





တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌစစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့်အခမ်းအနားတက်ရောက်လာကြသူများက ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

သည်။

ဦးစွာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်းဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီးဦးဆောင်သော အားကစားအသင်း ၁၄ သင်းမှ အားကစားသမားများ နေရာယူကြသည်။ ထို့နောက် စစ်ရေးပြမှူးကြီးဦးဆောင်၍ အားကစားအသင်း ၁၄ သင်းမှ အားကစားသမားများက တပ်မတော် အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ်အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် စစ်ရေးပြမှူးကြီးဦးဆောင်၍ ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထို့နောက် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဖူဆယ်ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား ၁၀ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲများအား နိုဝင်ဘာလ ၁၇ ရက်နေ့အထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မီးခိုးမြူငွေ့လျော့နည်းစေရေးနှင့် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဟောပြော

ညောင်လေးပင်  နိုဝင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ မီးခိုးမြူငွေ့လျော့နည်းစေရေးနှင့် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၄ ရက်က ကုန်းအင်းကျေးရွာအုပ်စု မြသာညိုကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မီမီအောင်က မီးခိုးမြူငွေ့ဖြစ်ပွားစေသည့်အကြောင်းရင်းများ၊ အမှိုက်သရိုက်များ၊ တောင်ယာမီး၊ တောမီးရှို့ခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပွားစေပြီး ရှူရှိုက်မိသူများ ကျန်းမာရေးထိခိုက်နိုင်ခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုလျော့နည်းစေရေး လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်က တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဘက်ပေါင်းစုံကာကွယ်နှိမ်နင်းနည်းများ၊ ပေါင်းသတ်ဆေးခတ်ကြွင်းကင်းစင်ရေးနည်းလမ်းများနှင့်စပ်လျဉ်း၍ ပေါင်းပင်တို့၏ ထူးခြားသောလက္ခဏာများ၊ ပေါင်းနှင့်သီးနှံအဓိကယှဉ်ပြိုင်ရသည့်အရာများ၊ ပေါင်းနှိမ်နင်းရမည့်အချိန်၊ တားဆီးကာကွယ်နှိမ်နင်းနည်းများဖြစ်သည့် စိုက်ပျိုးနည်းဖြင့်ကာကွယ်နှိမ်နင်းနည်းနှင့် ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းနည်းတို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **စိန်လွင်(ကျေးလက်)**

# လေဖိအားနည်းရပ်ဝန်း တဖြည်းဖြည်း အားလျော့သွားမည်ဟုခန့်မှန်း

နေပြည်တော်  နိုဝင်ဘာ ၅

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းဒေသများတွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area) သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းဒေသများတွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area) အဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းအနီးတွင် တဖြည်းဖြည်းအားလျော့သွားမည်ဟုခန့်မှန်းရပါသည်။ **(မိုး/ဇလ)**

# ကရင်ပြည်သူ့ပါတီ (KPP)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၅

**ကရင်ပြည်သူ့ပါတီ(KPP)ဥက္ကဋ္ဌ နန့်ခင်အေးဦးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**



နန့်ခင်အေးဦး (ဥက္ကဋ္ဌ၊ ကရင်ပြည်သူ့ပါတီ(KPP))

“အားလုံးပဲမင်္ဂလာရှိသောနေ့ဖြစ်ပါစေရှင်”

ကျွန်မကတော့ ကရင်ပြည်သူ့ပါတီ (KPP)ရဲ့ဥက္ကဋ္ဌ နန့်ခင်အေးဦး ဖြစ်ပါတယ်။ ယခုလို ရုပ်မြင်သံကြားအစီအစဉ်မှာ ပြည်သူလူထု အများရှေ့မှောက်စကားပြောခွင့်ရရှိတဲ့အတွက် စီစဉ်ပေးတဲ့ တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ပထမဦးစွာ ရှေးနှစ်များကလိုပဲ ကျွန်မတို့ပါတီအမည်ဖြစ်တဲ့ ကရင်ပြည်သူ့ပါတီ(KPP)ရဲ့အဓိပ္ပာယ်ကို ဖွင့်ဆိုရှင်းပြပေးလိုပါတယ်။ ကျွန်မတို့ရဲ့ပါတီကို စတင်ထူထောင်ခြင်းရဲ့ရည်ရွယ်ချက်ကတော့ ကျွန်မတို့ရဲ့သွေးချင်းကရင်လူမျိုးများနှင့် ပြည်သူများအနေဖြင့် တရားဝင်နိုင်ငံရေးလမ်းကြောင်းပေါ်ရောက်ရှိနိုင်ရေးအတွက် အခင်းအကျင်းတစ်ရပ်တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။

ကရင်အမျိုးသားများက ဦးဆောင်ဖွဲ့စည်းခဲ့လို့ အမည်ကို ကရင်နှင့်အစပြုထားသော်လည်း တစ်ရွာတည်းနေ တစ်ရေတည်းသောက် အစဉ်အဆက် အတူတကွအေးအတူပူအမျှ နေထိုင်လာခဲ့ကြသော အခြားတိုင်းရင်းသားပြည်သူအားလုံးကိုလည်း ပါဝင်စေလိုသောဆန္ဒဖြင့် ပြည်သူဟူသောအမည်ထည့်သွင်းလျက် တိုင်းရင်းသားပြည်သူများ၏ ပါတီတစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်လျက်ရှိပါတယ်။ ကျဉ်းမြောင်းသော လူမျိုးရေးအမြင်ကို အခြေခံခြင်းမဟုတ်ကြောင်း ပြောကြားလိုပါတယ်။

ကရင်ပြည်သူ့ပါတီ၏မူဝါဒကို တင်ပြလိုပါတယ်။

ကရင်ပြည်သူ့ပါတီသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်မြန်မာနိုင်ငံနှင့်ကိုက်ညီသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်သို့ ကူးပြောင်းရာတွင် ပါဝင်ဆောင်ရွက်သွားနိုင်ရေးကို ပါတီ၏နိုင်ငံရေးမူဝါဒအဖြစ် ချမှတ်ထားပါတယ်။

ကရင်ပြည်သူ့ပါတီ၏ ယုံကြည်ချက်နှင့် သဘောထားများ–

- မြန်မာနိုင်ငံသည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို တည်ဆောက်ကျင့်သုံးနိုင်မှသာလျှင် မတူကွဲပြားနေသော တိုင်းရင်းသားလူမျိုးများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုများရရှိလာပြီး တိုင်းပြည်အေးချမ်းသာယာမှုကို ရေးရှုနိုင်မယ်လို့ယုံကြည်ပါတယ်။
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် မိသားတစ်စု၊ လူမျိုးတစ်မျိုး၊ တိုင်းပြည်တစ်ပြည်တိုးတက်ရန်အတွက် ပညာရေးသည် အကောင်းဆုံးသော ရင်းနှီးမြှုပ်နှံမှုဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါ့ကြောင့် လူတစ်ဦးချင်းစီ၏ အရည်အသွေးတိုးမြင့်လာရေးအတွက် အခြေခံကျသောပညာရေးဖွံ့ဖြိုးမှုကို အားသွန်ခွန်စိုက်လုပ်ဆောင်ရန် လိုအပ်သည်လို့ ယုံကြည်ပါတယ်။
- ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးနှင့် လူနည်းစုများ၏အခွင့်အရေးများကို ကာကွယ်ပေးနိုင်သောစနစ်ကို ချမှတ်အကောင်အထည်ဖော်နိုင်မှသာလျှင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကိုရရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။
- ကရင်ပြည်သူ့ပါတီသည် ကရင်လူမျိုးများ၏မျိုးနွယ်စုအစွဲ၊ ဘာသာရေးယုံကြည်ကိုးကွယ်မှုအစွဲ၊ ဒေသအစွဲ စသောမတူကွဲပြားမှုများအပေါ်အစွဲအလမ်းမရှိဘဲ ကရင်တိုင်းရင်းသားအားလုံးကို ကရင်လူမျိုးဟူ၍သာ ချစ်ခင်စွာရှုမြင်သဘောထားပါတယ်။
- ဤကမ္ဘာမြေပေါ်တွင် ကရင်မျိုးနွယ်များသည် လူမျိုးတစ်မျိုးအနေဖြင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် ကရင်လူမျိုး၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ခြင်းကို လူမျိုးရေးတာဝန်တစ်ရပ်အဖြစ် သဘောထားခံယူပြီး တစိုက်မတ်မတ်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။
- ကရင်လူမျိုးတို့၏အမှန်တရားကို မြတ်နိုးကျင့်သုံးခြင်း၊ သစ္စာရှိခြင်း စသည့်တန်ဖိုးများကိုအခြေခံပြီး နိုင်ငံသားတိုင်း၏ အနာဂတ်အေးချမ်းသာယာလှပရေးကို စိတ်ကောင်းစေတနာမှန်ဖြင့် အစဉ်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။
- မြန်မာနိုင်ငံရှိတိုင်းရင်းသားအားလုံးသည် မိမိတို့၏စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ခြင်းအားဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်လာပြီး တိုင်းရင်းသားအချင်းချင်း အပြန်အလှန်လေးစားတန်ဖိုးထားမှသာ စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်မယ်လို့ ယုံကြည်ပါတယ်ရှင်။

ကရင်ပြည်သူ့ပါတီ၏ရည်ရွယ်ချက်–

၁။ မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ထောင်နိုင်ရန်၊

၂။ ပြည်သူများ၏လူနေမှုဘဝနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန်၊

၃။ ကရင်မျိုးနွယ်စုများနှင့် အတူယှဉ်တွဲနေထိုင်လျက်ရှိသော အခြားတိုင်းရင်းသားလူမျိုးများအားလုံး တရားမျှတသောအခွင့်အရေးများရရှိနိုင်ရန်၊

၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် တိုင်းရင်းသားမျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှု၊ စာပေ၊ အနုပညာ၊ ယုံကြည်ကိုးကွယ်မှု၊ ဓလေ့ထုံးတမ်းများကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ရန်၊

ကရင်ပြည်သူ့ပါတီ၏လုပ်ငန်းစဉ်–

၁။ ကရင်ပြည်သူ့ပါတီသည် နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အစဉ်တစိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါတယ်။

၂။ ကရင်ပြည်သူ့ပါတီသည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေတဲ့ အဂတိလိုက်စားမှုကိစ္စရပ်များအား တိုက်ဖျက်တဲ့အခါ ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်။

၃။ ကရင်ပြည်သူ့ပါတီသည် ပြည်သူလူထု၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်မြေယာကိစ္စရပ်များတွင် တရားမျှတမှုရှိစေရန် ဥပဒေနှင့်အညီ ပူးပေါင်းကူညီဆောင်ရွက်မည်ဖြစ်ပါတယ်။

၄။ ကရင်ပြည်သူ့ပါတီသည် နိုင်ငံတော်၏ပညာရေးကဏ္ဍတွင် လူငယ်များ၏ဘဝလုံခြုံမှုကို အာမခံချက်ပေးနိုင်သော ပညာရေးစနစ်ပေါ်ထွန်းရေးကို လွှတ်တော်တွင် တင်ပြဆောင်ရွက်မည်ဖြစ်ပါတယ်။

၅။ ကရင်ပြည်သူ့ပါတီသည် တိုင်းရင်းသားမျိုးနွယ်စုများ၏ မိခင်ဘာသာစကား၊ စာပေများကိုမပျောက်ပျက်စေရန် နိုင်ငံတော်၏ အမျိုးသားပညာရေးဥပဒေ(ပုဒ်မ ၄၂၊ ပုဒ်မခွဲ ခ)တွင်ပါရှိသည့်အတိုင်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းမည်ဖြစ်ပါတယ်။

၆။ ကရင်ပြည်သူ့ပါတီသည် တိုင်းရင်းသားမျိုးနွယ်စုများ၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ အနုသုခုမပညာရပ်များကို အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါတယ်။

၇။ ကရင်ပြည်သူ့ပါတီသည် ပြည်သူလူထု၏ကျန်းမာရေးကို အထောက်အကူပြုစေရန်အတွက် ကုသရေးထက် ကြိုတင်ကာကွယ်သည့်စနစ်ကိုအားကောင်းစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။



၈။ ကရင်ပြည်သူ့ပါတီသည် တိုင်းပြည်၏ အဓိက စီးပွားရေးကဏ္ဍဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန် အတွက် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၉။ ကရင်ပြည်သူ့ပါတီသည် လူငယ်နှင့်အမျိုးသမီးများ၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တိုးတက်ပြောင်းလဲလာသော နည်းပညာများအား လက်လှမ်းမီအသုံးချနိုင်ရေး အသိပညာပေးဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၁၀။ စာရင်းအင်းအချက်အလက်များမှန်ကန်ရေးနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရေးတို့ကို လွှတ်တော်တွင် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၁၁။ ကရင်ပြည်နယ်ပြင်ပရှိ ကရင်လူမျိုးများအတွက် လူနည်းစုတိုင်းရင်းသားများရရှိမည့်အခွင့်အရေးကို အပြည့်အဝရရှိနိုင်ရန်နှင့် သမိုင်းတွင်ရှိသော လေးစားတန်ဖိုးထားအပ်သည့် နေ့ထူးနေ့မြတ်များ၊ ဝိသေသလက္ခဏာများကို မှတ်တမ်းပြုစုပြီး အခမ်းအနားများကိုကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၁၂။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကို နီးနွယ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၌ ကရင်ပြည်သူ့ပါတီ(KPP)က ကိုယ်စားလှယ်လောင်းများ ဝင်ရောက်အရွေးချယ်ခံမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း(၇)ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း(၂၁)ဦးနှင့် ကရင်တိုင်းရင်းသားရေးရာကိုယ်စားလှယ်လောင်း(၁)ဦးတို့ဖြစ်ကြပါတယ်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ကျွန်မတို့ ကရင်ပြည်သူ့ပါတီ(KPP)အနေနှင့် ပြည်သူများထံသို့ ပန်ကြားအသိပေးချက်များကို တင်ပြလိုပါတယ်။

၁။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ကရင်လူမျိုးနှင့် ပြည်သူများအားလုံး မိမိ၏အမည်သည် သက်ဆိုင်ရာကျေးရွာရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ရုံးတွင် ထုတ်ပြန်သည့် ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ သွားရောက်ကြည့်ရှုအတည်ပြုပါ။

၂။ ဆန္ဒမဲပေးခွင့်ရှိသူများ အမည်စာရင်းတွင် မိမိ၏အမည်မပါရှိပါက သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများထံ တင်ပြပြီး မဲပေးခွင့်ရရှိသူများစာရင်းတွင် မိမိအမည်ပါဝင်ရန် လိုက်နာဆောင်ရွက်ပါ။ အခက်အခဲရှိပါက မိမိတို့ဒေသတွင်ရှိသော ကရင်လူမျိုးအခြေပြုပါတီတာဝန်ရှိသူများကို တင်ပြအကူအညီတောင်းပါ။

၃။ မဲပေးရန် အစစအရာရာအဆင်သင့်ဖြစ်ပြီးပါက ဆန္ဒမဲပေးရမည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစ၍ ရွေးကောက်ပွဲအပိုင်းလိုက်ကျင်းပမှု ပြီးဆုံးသည်အထိ မဲပေးနိုင်ရန် ပြင်ဆင်ထားပါ။

နောက်ဆုံးအနေနဲ့ လာမယ့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကရင်လူမျိုးများနှင့် တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်စွာ ကရင်ပြည်သူ့ပါတီ (KPP) ကိုယ်စားလှယ်များကို ဆန္ဒမဲပေးခြင်းဖြင့် နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်စေလိုသော စိတ်စေတနာအရင်းခံ၍ တာဝန်ကျေပွန်စွာပါဝင်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# ယဉ်ကျေးချေငံစွာ ပြောဆိုတတ်ပါစေ

ညွန့်ဝင်း(နတ်တလင်း)

ကျွန်ုပ်တို့သည် လူသားအချင်းချင်းဆက်သွယ်မှုပြုရာတွင် စကားကိုကြားခံဆက်သွယ်ရေးကိရိယာအဖြစ်အသုံးပြုကြရသည်။ ထိုသို့အသုံးပြုပြောဆိုရာတွင် မိမိပြောဆိုလိုသောအချက်ကို အဓိပ္ပာယ်ရှိပြီး တစ်ဖက်လူနားလည်အောင်ပြောဆိုရသကဲ့သို့ နာယူလက်ခံချင်စိတ်ဖြစ်ပေါ်အောင်လည်းပြောဆိုရသည်။ တစ်ဖန်သုံးနှုန်းပြောဆိုသောစကားလုံးများကိုလည်း ဆီလျော်အောင်ရွေးချယ်၍ ယဉ်ကျေးချေငံအောင် ပြောဆိုကြရသည်။ မြန်မာစကားတွင် ပြောသူနှင့်နာသူတို့၏ အသက်အရွယ်၊ အဆင့်အတန်း၊ ကျား၊ မ ကွဲပြားမှုများကိုလိုက်၍ ငါ၊ ကျွန်တော်၊ ကျွန်မ၊ ကျုပ်၊ တပည့်တော်၊ မင်း၊ ခင်ဗျား၊ နင်၊ ညည်း၊ အရှင်ဘုရား စသည်ဖြင့် ဆီလျော်သောနာမ်စားများကိုသုံး၍ ပြောဆိုကြသည်။ ထို့ပြင်နှင့် ယဉ်ကျေးချေငံစွာပြောဆိုတတ်ရန် ပြည့်စုံပြီလားဟုမေးလျှင် မပြည့်စုံသေးဟုဖြေရမည်။ မိမိပြောဆိုသောစကားသည် နာယူသူအတွက် အကျိုးရှိအောင်ပြောဆိုနိုင်မှသာ အမှန်တကယ်ယဉ်ကျေးချေငံစွာပြောဆိုတတ်သည်ဟုဆိုရပါမည်။

**လူများနှင့်ဆက်ဆံရာတွင် မိမိနှင့်အခြားသူ၏အကျိုးရှိမှု၊ ဝန်ပိုမှုဟူသော အစွန်းနှစ်ဖက်ကိုမှုတည်၍ စဉ်းစားပြောဆိုလျှင် ယဉ်ကျေးချေငံသောစကားကို ပြောဆိုနိုင်ပေလိမ့်မည်။ မိတ်ဆွေအတွက် တစ်စုံတစ်ရာအကျိုးရှိစေသောစကားကို တိုက်ရိုက်ပြောဆိုပေးရမည်ဖြစ်ပြီး ဝန်ပိုမှုဖြစ်စေသောစကားကို ရှောင်ကြဉ်ရမည်။ တစ်နည်းအားဖြင့် မိမိအကျိုးကိုရှေးရှုသောစကားမျိုးကို အစွမ်းကုန်လျှော့ပြောပြီး မိမိအတွက်ဝန်ပိုစေမည့်စကားမျိုးကိုပြော၍ ယဉ်ကျေးချေငံသောစကားများကို များများပြောရမည်ဖြစ် . . .**

စကားပြောဆိုရာ၌ ခင်ဗျား၊ ကျွန်တော်၊ ရှင်၊ ကျွန်မ စသော ယဉ်ကျေးချေငံမှုဖြစ်စေမည့် နာမ်စားများကိုသုံး၍ ပြောဆိုမှုသာမက ပြောသူနှင့်နာသူတို့ သဟဇာတဖြစ်မှု၊ အတူပေါင်းဖွဲ့လိုမှု၊ နာသူအတွက် ဝန်မပိုမှု၊ အကျိုးရှိမှုတို့ဖြစ်အောင် ပြောဆိုရသည်။ ထိုသို့ပြောဆိုမှသာ ယဉ်ကျေးချေငံမှုဖြစ်သည်ဟု လက်တွေ့ အတ္တဗေဒကဆိုပါသည်။ အတ္တဗေဒ ပညာရှင် လိချ်က တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်စကားပြောဆိုရာတွင် ယဉ်ကျေးချေငံမှု ဖြစ်စေရန် လိုက်နာရမည့်လမ်းညွှန်(၆)ရပ်ရှိသည် ဟုဆိုသည်။ ၎င်းတို့မှာ လိမ္မာပါးနပ်မှုလမ်းညွှန်၊ ရက်ရောမှုလမ်းညွှန်၊ အသိအမှတ်ပြုမှုလမ်းညွှန်၊ မိမိကိုယ်ကို နှိမ့်ချမှုလမ်းညွှန်၊ သဘောတူညီမှု လမ်းညွှန်၊ စာနာမှုလမ်းညွှန်တို့ဖြစ်သည်။

မိမိက တစ်ဖက်လူနှင့် ပြောဆိုဆက်ဆံသောအခါ တစ်ဖက်လူတွင် ဝန်ပိုသွားစေမည့်အဖြစ်မျိုး နည်းနိုင်သမျှနည်းအောင် အစွမ်းကုန်လျှော့ချပြောဆိုရသည်။ ဤသို့ပြောဆိုရာတွင်မိမိစကားကိုကြားနာရသူ ဝန်တာမလေးအောင် ဖော့၍သုံးသည့် စကားမျိုးဖြင့် ပြောဆိုရန်လိုသည်။ သာဓကအားဖြင့် တင်ပြရလျှင် ဆရာအလာကိုစောင့်နေရသူတို့အား ဝန်လေးစိတ်မဖြစ်စေရန် "ခဏကလေးစောင့်ပါ။ ဆရာလာပါလိမ့်မယ်" ဟု ပြောဆိုပေးခြင်းမျိုး ဖြစ်သည်။ မိမိကအခြားသူထံမှ အကူအညီရယူလို သည့်အခါတွင်လည်း "အကူအညီကလေး တစ်ခု လောက်လိုချင်လို့ပါ" ဟူသောစကားမျိုးကို ဦးစွာ ပြောဆိုသင့်သည်။ ဤစကားများတွင် "ခဏကလေး"၊ "အကူအညီကလေး" ဟူသော သုံးနှုန်းပြောဆို မှုသည် တစ်ဖက်လူအတွက် ဝန်မလေးသော အသေး အဖွဲ့ကိစ္စလေးအဖြစ် စိတ်ထဲ၌ ခံယူသွားအောင်ပြော ဆိုလိုက်ခြင်းဖြစ်သည်။

နောက်တစ်မျိုးမှာ ကြားနာသူအကျိုးရှိစေမည့် အဖြစ်မျိုးကို များနိုင်သမျှများအောင် အစွမ်းကုန်မြှင့် တင်ပြောဆိုပေးခြင်းဖြစ်သည်။ ထိုစကားမျိုးတွင် မိမိစကားကိုကြားနာသူအား အလေးထားသည့် သဘောထင်ရှားအောင် လိမ္မာပါးနပ်စွာပြောဆိုခြင်း မျိုးပါဝင်သည်။ စားသောက်ဆိုင်တွင် မိမိ၏မိတ်ဆွေ ကိုဧည့်ခံရာ၌ "ကြိုက်တာမှာပါ"ဟု ရွေးချယ်ခွင့် ပေးလိုက်ခြင်းမျိုးဖြစ်သည်။ သို့သော် ကြားနာသူ အကျိုးရှိမည့်ကိစ္စမျိုးဖြစ်လျှင် သွယ်ဝိုက်ပြောဆို မနေဘဲ တိုက်ရိုက်ပြောဆိုသင့်သည်။ သာဓက အားဖြင့် "ရော့ မင်းဖို့ ဒံပေါက်ဝယ်လာတယ်၊ စား"ဟု မိမိ၏ မိတ်ဆွေသူငယ်ချင်းကို ပြောဆိုခြင်းမျိုးဖြစ် သည်။ ဖော်ပြခဲ့သော စကားပြောနည်းလမ်းညွှန်များ သည် လိမ္မာပါးနပ်မှုလမ်းညွှန်များပင်ဖြစ်သည်။

မိမိပြောဆိုသည့်စကားတွင် မိမိကိုအကျိုးရှိစေ မည့်အဖြစ်မျိုး နည်းနိုင်သမျှနည်းအောင် အစွမ်းကုန် လျှော့ချပြောဆိုရမည်။ တစ်နည်းအားဖြင့် မိမိနစ်နာ လျှင် နစ်နာပါစေဟူသောသဘောဖြင့် ပြောသော စကားမျိုးကိုပြောဆိုရမည်။ သာဓကတင်ပြရလျှင် မိမိအိမ်သို့ အလည်အပတ်လာသော မိတ်ဆွေ နေမကောင်းဖြစ်သည့်အခါ ဆေးခန်းသို့လိုက်ပြ ပေးကာ "ငါ ပိုက်ဆံကုန်တာ ကိစ္စမရှိပါဘူး။ အားမနာ ပါနဲ့၊ မင်းရောဂါသက်သာဖို့က အရေးကြီးတယ်" ဟူသော ပြောဆိုခြင်းမျိုးကိုဆိုလိုပါသည်။ ဖော်ပြခဲ့ သော စကားပြောဆိုခြင်းမျိုးကို ရက်ရောမှုစကား ပြောလမ်းညွှန်ဟုသတ်မှတ်ပါသည်။

တစ်ဖန် မိမိသည်တစ်ဖက်လူ၏ အားနည်းချက်၊ ပျော့ကွက်ကို ဖော်ထုတ်သည့်အဖြစ်မျိုးရောက်စေ မည့်စကားမျိုးကို နည်းနိုင်သမျှနည်းအောင် အစွမ်း ကုန်လျှော့ချပြောဆိုရမည်။ သို့သော် တစ်ဖက်လူ၏ အားသာချက်၊ ကောင်းကွက်များကို ဖော်ထုတ်သည့် စကားမျိုးကိုကား များနိုင်သမျှများအောင် အစွမ်းကုန် မြှင့်ပြောရမည်။ ဤနည်းလမ်းသည် လူမှုဆက်ဆံ ရေးတွင် အလွန်အရေးပါ၍ ထိရောက်သောစကား ပြောနည်းလမ်းဖြစ်သည်။ မည်သူမဆို မိမိ၏ အားနည်းချက်၊ ပျော့ကွက်များကို ပြောဆိုမှုကို သဘောကျမည်မဟုတ်ပေ။ မိမိ၏အားသာချက်၊ ကောင်းကွက်များကို များများပြောဆိုခြင်းကိုမူ လူတိုင်းနှစ်သက်ကြလေသည်။ သာဓကအားဖြင့် "အဲဒီပုဂ္ဂိုလ်က သိပ်စိတ်ကောင်းရှိတာပဲနော်"ဟု မိတ်ဆွေကပြောဆိုလာသည့်အခါ အချီးမွမ်းခံ ပုဂ္ဂိုလ်အပေါ် အလွန်အသိအမှတ်မပြုလိုသော်လည်း "ဪ-အင်း"ဟု အသံပြုပေးခြင်းမျိုးဖြစ်သည်။ တစ်ဖန်ကြားနာသူ၏ကောင်းကွက်ကို အသိအမှတ် ပြုလိုသည့်အခါ "သူငယ်ချင်းက ဟင်းချက်သိပ် ကောင်းတာပဲနော်။ အရသာရှိလိုက်တာ" ဟူသော စကားပြောခြင်းမျိုးဖြစ်သည်။ ထိုကဲ့သို့သော စကားပြောနည်းလမ်းညွှန်ကို တစ်ဖက်လူအား အသိအမှတ်ပြုမှုလမ်းညွှန်များဟု သတ်မှတ်ထား သည်။

ကျွန်ုပ်တို့သည် ယဉ်ကျေးချေငံစွာပြောဆိုရာ၌ မိမိကိုယ်ကို နှိမ့်ချပြောဆိုတတ်ရမည်။ အများအားဖြင့် ကျွန်ုပ်တို့သည် မိမိတော်ကြောင်း၊ တတ်ကြောင်း အားသာချက်များကိုသာ ထုတ်ဖော်ပြောဆိုမိတတ် ကြသည်။ ထိုပြောဆိုမှုမျိုးကို ကြိုက်နှစ်သက်သူ နည်းပါးတတ်သည်။ သူတော်ကြောင်း ကြွားဝါ နေသည်၊ ကိုယ်ရည်သွေးနေသည်ဟုသာ ထင်မှတ် တတ်ကြပြီး မနာလိုဝန်တိုမှုများလည်းဖြစ်တတ် ပေသည်။ ထို့ကြောင့် မိမိ၏အားသာချက်၊ ကောင်း ကွက်များကိုဖော်ထုတ်သည့်အဖြစ်မျိုး နည်းနိုင်သမျှ နည်းအောင် အစွမ်းကုန်လျှော့ချပြောဆိုရမည်။ မိမိ၏အားနည်းချက်၊ ပျော့ကွက်တို့ကိုကား အစွမ်း ကုန်မြှင့်ပြောရမည်။ သာဓကအားဖြင့် " ဒီကိစ္စမှာ ကျွန်တော်မှားတာပါ။ ကျွန်တော့်အပြစ်ပါ"ဟုမိမိ၏ အားနည်းချက်ကို ထုတ်ဖော်ဝန်ခံခြင်းမျိုးဖြစ်သည်။ တစ်ဖန်မိမိကမည်မျှပင်တော်နေပါစေ"ဒီဘာသာရပ် အကြောင်း ကျွန်တော်မသိပါဘူး။ ကျွန်တော်သိချင် တာလေးမေးပါရစေ"ဟု မိမိကိုယ်ကိုနှိမ့်ချပြော ဆိုခြင်းမျိုးဖြစ်သည်။

တစ်ဖက်လူနှင့်စကားပြောသည့်အခါ မိမိနှင့် တစ်ဖက်လူတို့ သဘောထားကွဲလွဲနိုင်မည့်အဖြစ်မျိုး နည်းနိုင်သမျှနည်းအောင် အစွမ်းကုန်လျှော့ချ ပြောဆိုရမည်။ တစ်ဖန် မိမိနှင့်တစ်ဖက်လူတို့ သဘောတူညီမှုရရှိစေသည့်စကားမျိုးကို များနိုင် သမျှများအောင် အစွမ်းကုန်မြှင့်ပြောရမည်။ တစ်နည်းအားဖြင့် သဘောထားချင်းတူသည့် စကား မျိုးကိုချဲ့ထွင်၍ များများပြောဆိုပေးခြင်းမျိုးဖြစ် သည်။ သာဓကအားဖြင့် "ဒီရုပ်ရှင်က သိပ်ကောင်း တာပဲနော် "ဟုတစ်ဖက်ကပြောဆိုလာသောအခါ "မကောင်းပါဘူးဗျာ။ လုံးဝလုံးဝပဲ"ဟု ဆန့်ကျင်ဘက် စကားမျိုးကိုပြောဆိုလျှင် မိမိအားစကားပြော မယဉ်ကျေးဟုသတ်မှတ်ပေလိမ့်မည်။ ထိုအခြေအနေ မျိုးတွင် မိမိမနှစ်သက်သောရုပ်ရှင်ဖြစ်သော်လည်း "အင်း ကောင်းပါတယ်။ ဒါပေမဲ့ တိုက်ဆိုင်မှုတွေက တမင်လုပ်ထားသလိုပဲဗျာ"ဟု သူ့စကားကိုလည်း အတန်အသင့်ထောက်ခံလိုက်ပြီး မိမိအမြင်ကို လည်း အနည်းငယ်ဖော်ပြပြောဆိုလိုက်ခြင်းမျိုး သည် အချင်းချင်းသဘောတူညီမှုကိုဖြစ်စေပါ သည်။

မိတ်ဆွေ၏ ဝမ်းသာစရာသတင်းကိုကြားရသည် ဖြစ်စေ၊ ဝမ်းနည်းစရာသတင်းကိုကြားရသည်ဖြစ်စေ မိတ်ဆွေအတွက် စာနာမှုဖြင့် လိုလားနှစ်သက်မှု ဖြစ်အောင် ပြောဆိုရသည်။ မိမိနှင့် တစ်ဖက်လူ တို့အကြား စာနာနားလည်မှုပွားများစေနိုင်သည့် အဖြစ်မျိုးကို များနိုင်သမျှများအောင် အစွမ်းကုန် မြှင့်ပြောရမည်။ မိမိနှင့် တစ်ဖက်လူတို့ကြားတွင် မလိုလားမှုပွားများစေနိုင်သောအဖြစ်မျိုး နည်းနိုင် သမျှနည်းအောင် အစွမ်းကုန်လျှော့ချပြောဆိုရမည်။ သာဓကအားဖြင့် မိတ်ဆွေ၏ အောင်မြင်မှုတစ်ခုခုကို ကြားသိရသည့်အခါ " ဝမ်းမြောက်ပါတယ်" ဟူသော စကားကိုပြောဆိုပေးရမည်။ မိတ်ဆွေ၏ ဆုံးရှုံး နစ်နာမှုတစ်ခုခုကိုကြားရလျှင်မူ "ဝမ်းနည်းပါတယ်" ဟူသောစကားကိုပြောပေးခြင်းမျိုးဖြစ်သည်။

လူတစ်ယောက်သည် သူ၏ အများနှင့်ပြောဆို ဆက်ဆံမှု ယဉ်ကျေးချေငံမှု ရှိ၊ မရှိပေါ်တွင်မူတည်၍ လူများ၏ နှစ်သက်မှုအနည်းအများကိုရရှိစေကြောင်း တွေ့ရမည်ဖြစ်သည်။ တိုင်းရင်းသားစကားပုံတစ်ခု တွင် "စကားကြမ်း၍ နွားနောက်လျော်ရသည်" ဟူသော စကားပုံရှိသည်။ စာဆိုရှင်မဟာရဋ္ဌသာရက "**တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ချိုလှစေ**"ဟု ဆုံးမလမ်းညွှန်ရေးသားခဲ့သည်။

ထို့ကြောင့် လူများနှင့်ဆက်ဆံရာတွင် မိမိနှင့် အခြားသူ၏အကျိုးရှိမှု၊ ဝန်ပိုမှုဟူသော အစွန်း နှစ်ဖက်ကိုမူတည်၍ စဉ်းစားပြောဆိုလျှင် ယဉ်ကျေး ချေငံသောစကားကို ပြောဆိုနိုင်ပေလိမ့်မည်။ မိတ်ဆွေ အတွက် တစ်စုံတစ်ရာအကျိုးရှိစေသောစကားကို တိုက်ရိုက်ပြောဆိုပေးရမည်ဖြစ်ပြီး ဝန်ပိုမှုဖြစ်စေသော စကားကိုရှောင်ကြဉ်ရမည်။ တစ်နည်းအားဖြင့် မိမိ အကျိုးကိုရှေးရှုသောစကားမျိုးကို အစွမ်းကုန် လျှော့ပြောပြီး မိမိအတွက်ဝန်ပိုစေမည့်စကားမျိုးကို ပြော၍ ယဉ်ကျေးချေငံသောစကားများကို များများ ပြောရမည်ဖြစ်ပေသည်။ ။

# ကယားပြည်နယ် လွိုင်ကော်မြို့၌ တန်ဆောင်တိုင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပ



လွိုင်ကော် နိုဝင်ဘာ ၅

ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ တန်ဆောင်မုန်းလပြည့်နေ့ တန်ဆောင်တိုင်ပွဲတော်နိဗ္ဗာန်ဈေးပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲကို ယမန်နေ့ညက လွိုင်ကော်မြို့ ပြည်နယ်ခန်းမနှင့် ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ ကျင်းပသည်။

ပွဲတော်သို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ရပ်နီးရပ်ဝေးမှ ပြည်သူများ တစ်ခဲနက် တက်ရောက်ဆင်နွှဲကြသည်။

တန်ဆောင်မုန်းလပြည့်နေ့ တန်ဆောင်တိုင်ပွဲတော် နိဗ္ဗာန်ဈေးပွဲတော်တွင် ကယားပြည်နယ်အစိုးရအဖွဲ့ စတုဒိသာမဏ္ဍပ်၊ ဝန်ကြီးဌာနအလိုက် စတုဒိသာမဏ္ဍပ်များ၊ စေတနာရှင်၊ အလှူရှင်ပြည်သူများ၏ စတုဒိသာမဏ္ဍပ်များ၌ မြန်မာ့ရိုးရာအစားအစာများနှင့်မြန်မာမုန့်မျိုးစုံတို့ကို ကုသိုလ်ပြုဧည့်ခံကျွေးမွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ပွဲတော်လာဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ ပွဲတော်သို့ လာရောက်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားများ ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်ကွင်းအတွင်း၌ ပွဲတော်လာဧည့်ပရိသတ်များက စိန်နားပန်မီးပုံးပျံများနှင့် မီးပုံးပျံငယ်များ လွှတ်တင်ပူဇော်မှုကို ကြည့်ရှုအားပေးပြီး မီးရှူးမီးပန်းများ ပစ်ဖောက်၍ ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲကြကာ ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်တွင် နိုင်ငံကျော် တေးသံရှင်များ၏ တန်ဆောင်တိုင်ပွဲတော် တေးဂီတဖျော်ဖြေပွဲကို ကြည့်ရှုအားပေးသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင်လွိုင်ကော်မြို့အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် စေတနာရှင် အလှူရှင်များက ဆွမ်းဆန်တော်များ လောင်းလှူကုသိုလ်ပြုကြပြီး ဘုရားစေတီပုထိုးများတွင် ဥပုသ်သီလဆောက်တည် တရားဘာဝနာပွားများသူများ၊ ဘုရားဖူး ဧည့်သည်များ၊ နောင်ယားကန်သာနှင့် ထေးငှားလျားကန်သာတို့တွင် အပန်းဖြေအနားယူသူများဖြင့် စည်ကားများပြားခဲ့ကာ ညပိုင်း၌ ဘုရားစေတီပုထိုးများ၊ ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်များတွင် ဆီမီးများနှင့် လျှပ်စစ်မီးအလှများ ထွန်းညှိပူဇော်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပိုက်ကျော်ခြင်း အားကစားနည်း (Hoop Takraw)နည်းပြသင်တန်းဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၅

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ပိုက်ကျော်ခြင်း အားကစားနည်း(Hoop Takraw) နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက ယခုဖွင့်လှစ်သည့် သင်တန်းတွင် တက်ရောက်ကြသော ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးနှင့် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများမှ နည်းပြများအနေဖြင့် နည်းဥပဒေသ၊ စည်းမျဉ်း/ စည်းကမ်းနှင့် နည်းစနစ်ပိုင်းဆိုင်ရာများကို စနစ်တကျလေ့လာသင်ယူပြီး Hoop Takraw ကွင်းသွင်းခြင်းခတ် အားကစားသမားများကို ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးသွားရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ



# အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ တန်ဆောင်တိုင်ပွဲတော်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၅

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ တန်ဆောင်တိုင်ပွဲတော်ကို ယမန်နေ့ညနေပိုင်းတွင်တိုင်းစစ်ဌာနချုပ်ရှိဇေယျာသီရိခန်းမ၌ ကျင်းပပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မီးပုံးပျံလွှတ်တင်ခြင်းနှင့် မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်းကို အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်အတူ ပါဝင်ဆင်နွှဲကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ တေးသရုပ်ဖော်များဖြင့် ကပြဖျော်ဖြေခြင်းတို့ကို လိုက်လံကြည့်ရှုအားပေးပြီး တန်ဆောင်တိုင်ပွဲတော်အား ပျော်ရွှင်စွာဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး မီးပုံးပျံလွှတ်တင်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး တန်ဆောင်တိုင်ပွဲတော်၌ စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးနေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုဝင်ဘာလ၏ မိုးရေချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | မိုးရေချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | မိုးရေချိန်စံချိန်ဟောင်း | | ယခင်ဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁။ | ကလေးဝ | ၅-၁၁-၂၀၂၅ | ၈၁ | ၃.၁၉ | ၁၄-၁၁-၁၉၇၀ | ၇၉ | ၃.၁၁ | ၆၀ |

# ထူးခြားသည့်ညအပူချိန်များ

၅-၁၁-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟားခါး | ၁၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၁၅ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၁၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ဟုမ္မလင်း | ၁၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |



တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် နေ့လွှတ်အရုပ်မီးပုံးပျံ လွှတ်တင်ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။



တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်တွင် မြို့လုံးကျွတ်ရိုးရာမီးပဒေသာအလှ လှည့်လည်ပူဇော်ပွဲကျင်းပစဉ်။

ဓာတ်ပုံ-တင့်ဆွေ(တောင်ကြီး)



တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် နေ့လွှတ်အရုပ်မီးပုံးပျံများ လွှတ်တင်ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

❍ **ရှေ့ဖုံးမှအဆက်**

သိရှိရပြီး အဆိုပါပွဲတော်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများက အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲလျက်ရှိသည်။

ယခုနှစ်တွင် တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို အောက်တိုဘာလ ၂၉ ရက်မှစတင်၍ တောင်ကြီးမြို့၊ အဝေရာမီးပုံးပျံကွင်းတွင် စည်ကားသိုက်မြိုက်စွာဆက်လက်ကျင်းပလျက်ရှိရာ တောင်ကြီးမြို့ပေါ်ရပ်ကွက်များမှ ပြိုင်ပွဲဝင်အသင်းများ၊ ကုမ္ပဏီအသင်းအဖွဲ့များမှ ပြိုင်ပွဲဝင်အသင်းများနှင့် တောင်ကြီးမြို့အနီးဝန်းကျင် မြို့၊ ရွာများမှ ပြိုင်ပွဲဝင်အသင်းများက အတီးအမှုတ်၊ အကအခုန်များနှင့် ပျော်ရွှင်စွာပါဝင်ယှဉ်ပြိုင် လွှတ်တင်လျက်ရှိကြရာ အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများက အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲလျက်ရှိပြီး နေ့စဉ် ၂၅၀၀၀၀ ဦးခန့် လာရောက်ကြည့်ရှုကြကြောင်း သိရှိရသည်။

အဆိုပါ တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကြီးတွင် ညမီးကြီး ၂၂ ပေ ၂၅ လုံး၊ ၂၅ ပေ ၁၈ လုံး၊ စိန်နားပန် ၁၈ ပေ ၃၇ လုံး၊ စုစုပေါင်း အလုံး ၈၀၊ နေ့လွှတ်အရုပ်မီးပုံးပျံ အရုပ်ခြေနှစ်ချောင်း ၁၉၃ လုံး၊ အရုပ်ခြေလေးချောင်း ၉၃ လုံး၊ အရုပ်အုပ်စု ၇၅ လုံး၊ စုစုပေါင်း ၃၆၁ လုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ညလွှတ်မီးပုံးပျံကို ည ၆ နာရီခွဲမှ ပွဲစဉ်ပြီးဆုံးသည်အထိ လွှတ်တင်သွားမည်ဖြစ်ကာ နေ့လွှတ်အရုပ်ပြိုင်ပွဲကို မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နေ့ရက်အလိုက် လွှတ်တင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ခေတ်ပေါ်တေးဂီတတီးဝိုင်းများ၊ တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မြို့လုံးကျွတ် ဘုံကထိန် ပဒေသာပင်လှည့်လည်ခြင်း၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ခြင်း၊ မီးပဒေသာလှည့်လည်ပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

ရှမ်းပြည်နယ်၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို အောက်တိုဘာလ ၂၉ ရက်နေ့မှ နိုဝင်ဘာလ ၅ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သော်လည်း လက်ရှိမိုးလေဝသရာသီဥတုအခြေအနေများကြောင့် ပွဲတော်ရက်အား ၃ ရက်တိုးကာ နိုဝင်ဘာလ ၈ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



တောင်ကြီးတန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနေမှုကို တွေ့ရစဉ်။




တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

# ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Justin Brady အား ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၅

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ရန်ကုန်မြို့ အခြေစိုက် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Justin Brady အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNOCHA ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝဘေးပြန်လည်ထူထောင်ရေး၊ အထွေထွေရွေးကောက်ပွဲနှင့်ရွေးကောက်ပွဲအလွန် မြန်မာ့နိုင်ငံရေးအခင်းအကျင်းတို့အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ



**၅-၁၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၇၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့်ဘန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး၏ အာရှဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူးတို့အား ပြည်ထောင်စုဝန်ကြီးဒေါက်တာဝါဝါမောင် လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၅

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Progarmme) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Samir Sudhir Wanmali နှင့် ဘန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂ စီမံကိန်း ဝန်ဆောင်မှုရုံး (United Nations Office for Project Services–UNOPS) ၏ အာရှဒေသဆိုင်ရာရုံး၊ ညွှန်ကြားရေးမှူး Mr. Sanjay Mathur တို့အား ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁)၊ နေပြည်တော်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။



အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ လက်ရှိ WFP မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအထောက်အပံ့များ အကျိုးရှိထိရောက်စေရေး၊ ၂၀၂၆ ခုနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်အကောင်အထည်ဖော်ခွင့်ရရှိရေး၊ မြန်မာနိုင်ငံဆိုင်ရာ မဟာဗျူဟာအစီအစဉ်အသစ် (၂၀၂၇-၂၀၂၉) ပြင်ဆင်ရေးနှင့် ရေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ UNOPS မှ အာရှဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Mr.Sanjay Mathur နှင့်တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)တို့အကြား လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် အစီအစဉ်များနှင့် ရေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မန္တလေးငလျင်ကြောင့် ထိခိုက်ခဲ့မှုများအား ပြန်လည်ထူထောင်ရေးတွင် ပူးပေါင်းဆောင်ရွက်စေလိုသည့်လုပ်ငန်းများကိုလည်းကောင်း အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ WFP ရုံး နှင့် UNOPS ရုံးတို့ မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ရှေ့တန်းစစ်မျက်နှာများတွင် ရှပ်ရှပ်ချုံချုံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို




နေပြည်တော် နိုဝင်ဘာ ၅

ရှေ့တန်းစစ်မျက်နှာများတွင် ရှပ်ရှပ်ချုံချုံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယမန်နေ့ ညနေပိုင်းတွင် မိုင်းပွန်မြို့ရှိ နယ်မြေခံတပ်၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးမြတ်ထွန်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။


ထိုသို့ အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုရာတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား အောင်သပြေခက်ကမ်း၍ ဂုဏ်ပြုပန်းကုံးများစွပ်ပြီး အိုးစည် ဒိုးပတ်၊ အတီးအမှုတ်အကအခုန်များဖြင့် သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွန်းနှင့်တက်ရောက်လာကြသူများက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား အောင်သပြေခက်ကမ်း၍ဂုဏ်ပြုပန်းကုံးစွပ်ပြီး ဂုဏ်ပြုကြိုဆိုစဉ်။

# မြန်မာနိုင်ငံရှိကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ အကြီးအကဲ Mr. Justin Brady အား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Justin Brady အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံ သည်။

တွေ့ဆုံစဉ် အကူအညီလိုအပ်သည့် ပြည်သူများထံသို့ လူသားချင်းစာနာမှုအကူအညီများပေးအပ်နိုင်ရေး ညှိနှိုင်း ဆောင်ရွက်ပေးရေးနှင့်မြန်မာအစိုးရနှင့် ကုလသမဂ္ဂ အေဂျင်စီများအကြား လူသားချင်းစာနာမှု အကူအညီ ပေးရေးနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်း များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြ ကြောင်းသိရသည်။ မြဝတီ

# ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေ(၂၀၂၅ ခုနှစ်)(မူကြမ်း)နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၅

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၅ ခုနှစ်) (မူကြမ်း)နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်း အဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည် တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာနအစည်း အဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီး နှင့်ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ဦးဆောင်သောတာဝန် ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေး၌ ဦးစားပေး ပြင်ဆင်လိုသည့် ဥပဒေများ စိစစ်တင်ပြရန် လမ်းညွှန်ချက်အရ ကျန်းမာရေးဝန်ကြီးဌာန က အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေး ကောင်စီသို့ ပထမဦးစားပေးအနေဖြင့် ပြင်ဆင်ရန်တင်ပြသည့် ဥပဒေများစာရင်း တွင် ယခုဥပဒေ(မူကြမ်း) ပါရှိပြီး ဤရုံး၏ အပြီးသတ်ညှိနှိုင်းဆွေးနွေးရန် အကြောင်း ကြားချက်အရ သက်ဆိုင်ရာကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြင်ဆင် ရန် ထောက်ခံတင်ပြလာသဖြင့် ယင်းဥပဒေ (မူကြမ်း)အပေါ် အပြီးသတ် ဆွေးနွေးညှိနှိုင်း ပြီး သက်ဆိုင်ရာသို့ ဆက်လက်တင်ပြရန် ညှိနှိုင်းခဲ့ကြောင်း သိရသည်။ မြဝတီ

# ဘန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး (UNOPS)၏ အာရှဒေသ ဆိုင်ရာရုံး ညွှန်ကြားရေးမှူး Mr. Sanjay Mathur အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၅

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဘန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)၏ အာရှဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Mr. Sanjay Mathur နှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံကျန်းမာရေး ဝန်ကြီးဌာနနှင့် UNOPS အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာ ရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ Global Fund နှင့် Access to Heath Fund ကျန်းမာရေးရန်ပုံငွေအဖွဲ့များမှ ကျန်းမာရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ တီဘီ၊ ခုခံကျ/ကာလသားနှင့် ငှက်ဖျားရောဂါကာကွယ်ကုသရေးဆေးဝါး များ ပြတ်လပ်မှုမရှိအောင် ဆောင်ရွက် လျက်ရှိသည့်ကိစ္စရပ်များနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ UNOPS ရုံးမှ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့ ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

မြဝတီ

# တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးကျင်းပ

ထားဝယ် နိုဝင်ဘာ ၅



တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ (၆ /၂၀၂၅)ကြိမ်မြောက် အစည်း အဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသ ကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုအပေါ်မူတည်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ ရင်းနှီးမြှုပ်နှံသူ များကို လုပ်ငန်းဆောင်ရွက်ခွင့်ရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသ ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံ မှုများ၊ ငွေကြေးလည်ပတ်မှုများသည် အရေးကြီးကြောင်း၊ တိုင်းဒေသကြီးတွင် ယခုထက်ပို၍တည်ငြိမ်အေးချမ်းလာပါက ရင်းနှီးမြှုပ်နှံမှု များပြားလာနိုင်သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုသည်လည်းများပြားလာ မည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့် အလမ်းများရရှိရေး ဝိုင်းဝန်းဆောင်ရွက် ပေးရန်လိုအပ်ကြောင်း၊ မကြာခင်ကာလ အတွင်း ရေနက်ဆိပ်ကမ်းနှင့်ပတ်သက်၍ရင်းနှီး မြှုပ်နှံမှုဝင်ရောက်လာပါက တိုင်းဒေသကြီး အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိလာနိုင်သောကြောင့် အကျိုးရှိမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရာခိုင်နှုန်းပြည့် မြန်မာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ကျွန်းစုမြို့နယ်ရှိ ဥယျာဉ်ခြံမြေဧရိယာ ၉၈ ဧကတွင်ခေတ်မီ ရေငန်ပုစွန်မွေးမြူထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း၊ ထားဝယ်မြို့နယ်ရှိ ဥယျာဉ်ခြံမြေ ဧရိယာ ၂ ဒသမ ၄၄ ဧကတွင် ဝဥအလွှာ အခြောက်ခံလုပ်ငန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးရင်းနှီး မြှုပ်နှံမှုကော်မတီဝင်များက ဖြည့်စွက် ဆွေးနွေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄ °c | / | ၃၄ °c |
| ရန်ကုန် | ၂၃ °c | / | ၃၂ °c |
| မန္တလေး | ၂၄ °c | / | ၃၂ °c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Myaung Township to plant over 12,000 acres of winter sunflowers

MYAUNG November 5

More than 12,000 acres of winter sunflowers will be planted during the upcoming winter crops planting season in Myaung Township, Sagaing District, Sagaing Region, according to the Department of Agriculture for Sagaing District.

During the 2025-2026 winter crops planting season, Myaung Township is planning to plant 12,988 acres of winter sunflowers, and the planting will begin from October this year and continue until December.

"We will work to achieve the target acres. In order to reduce the amount of palm oil imported from abroad, we will expand the cultivation of sunflower, an oil crop. Sunflower has more oil yield per acre than other peanuts and sesame. Sunflower is only planted in the winter," said Daw Myat Moe Win, head of the Department of Agriculture for Sagaing District.

In order to expand sunflower cultivation in Myaung Township, the Township Agriculture Department will intensify educational training and will conduct training courses to improve the performance of staff and farmers who will grow sunflower.

**SMK**



# Dabayin Township to plant over 2,000 acres of winter vegetables

DABAYIN November 5

More than 2,000 acres of vegetables will be planted in the next winter crops planting season in Dabayin Township, YeU District, Sagaing Region, according to the statistics of the Department of Agriculture for YeU District.

During the 2025-2026 winter crops planting season, 2,790 acres of vegetables will be planted in Dabayin Township, which will be planted from October to December this year.

"This year, more than 2,000 acres of vegetables will be planted in Dabayin Township. These include mustards, chili, spices, potatoes, eggplants, and cabbages. We will provide farmers with technology to grow all vegetables according to the GAP system. We will provide farmers with technology to grow all vegetables with the least chemical residue and in a way that is healthy," said U Zaw Myint Htun, head of the Department of Agriculture for YeU District.

This year, the Township Agriculture Department will provide technical training to vegetable farmers in Dabayin Township to grow vegetables using the GAP system, provide technologies to make the vegetables produced from the fields healthy, and help farmers grow more vegetables.

**SK**

# Phaungpyin Township to plant over 5,000 acres of winter seed corns and millets



PHAUNGPYIN November 5

A total of 5,455 acres of seed corns and millets will be planted in the upcoming winter crop planting season in Phaungpyin Township, Mawlaik District, Sagaing Region, according to the statistics of the Department of Agriculture for Mawlaik District.

In the 2025-2026 winter crops planting season, 820 acres of seed corns and 4,635 acres of millets will be planted in Phaungpyin Township, totalling 5,455 acres. The planting will begin from October this year and continue until December.

"We will work to achieve the target acreage. Currently, corns can be planted more than the target acreage. We will provide education to help the corns grow successfully and prevent the spread of pests and diseases," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

More than 50 baskets of seed corns are produced per acre, and the cost of planting per acre of seed corns is Ks-500,000. A total of 15,000 corn ears of millets are produced per acre, and the cost of planting per acre is over Ks-500,000.

**SK**

# More than 180,000 acres of sesame harvested in Yinmabin District this year

YINMABIN November 5

Local farmers have harvested 183,719 acres of sesame planted in monsoon this year in Yinmabin District of Sagaing Region, according to Sagaing Region Agriculture Department.

In Yinmabin District, a total of 188,439 acres of sesame were cultivated during this year's monsoon crop season. Harvesting of sesame fields began in August, and as of today, a total of 183,719 acres have been harvested, with yields averaging over 10 baskets per acre.

In Yinmabin District this year, sesame harvesting by township has been completed on 50,648 acres in Yinmabin Township, 39,151 acres in Kani Township, 18,580 acres in Salingyi Township, and 75,340 acres in Pale Township, totalling 183,719 acres.To support sesame farmers this year, respective township agriculture departments have been providing awareness on expanding cultivation, proper cultivation methods, GAP techniques, use of quality and pure seed varieties, and high-yield strains.

It is noted that crops grown under the GAP system are of higher quality than those cultivated under traditional methods, fetch better prices, and can be marketed not only domestically but also for export. As a result, farmers who adopt GAP practices are expected to achieve greater economic benefits and improvements in their socio-economic livelihoods.

**SMK**

# YeU Township completes harvest of rainfed sesame



YEU November 5

Sesame planted in this year's rain crops planting season in YeU Township, Sagaing Region, has been harvested, according to the statistics of the Department of Agriculture for YeU District.

YeU Township has been able to plant 3,002 acres of sesame during this year's rain crops planting season, and the fields where sesame was planted have been harvested since August this year. So far, all the acres of sesame have been harvested, with an output of more than 10 baskets per acre.

"All of the acres of sesame planted have been harvested. We have also taken measures to expand the sesame planting area, improve yields, and cultivate with GAP techniques," said U Zaw Myint Htun, head of the Department of Agriculture for YeU District.

This year, the Township Agriculture Department has provided education to sesame farmers in YeU Township on how to expand sesame cultivation, cultivation methods, GAP methods, and how to grow good and high-yielding varieties. **SMK**

## Einme Township supplies large volume of paddy to Yangon market

EINME November 5

Local traders from Einme Township of Ayeyawady Region shipped 75-day paddy strain to Yangon market said Daw Yi Yi, the owner of rice and paddy trading commodity in Einme Township.

From Einme Township, about 62,000 baskets of the 75-day paddy variety exported to the Yangon market .

"In the past month alone, we exported about 62,000 baskets of 75-day paddy to the Yangon market. From Einme, most of the exports to Yangon are rice, paddy, and other farm products. Because of strong demand from Yangon buyers, exports increased. Paddy prices are still rising, and Yangon buyers have already made connections to purchase large quantities of the 75-day paddy variety this month as well," said Daw Yi Yi.

It is reported that the 75-day paddy exported from Einme Township to Yangon during the past month has fetched up to Ks-1.545 million per 100 baskets. With stronger trade in this variety, farmers, traders, port workers, and vehicle rental operators are all gaining more job opportunities. **SK**

## Kyaukmyaung Sub-Township to plant more than 13,000 acres of winter sesame

KYAUKMYAUNG November 5

Local authiorities have earmarked cultivatiion of 13,125 acres of winter sunflower in Kyaukmyaung Sub-Township of Sagaing Region in coming cold season.

During the 2025–2026 winter crop season, 13,125 acres of winter sesame are planned for cultivation in Kyaukmyaung Sub-Township, with planting scheduled from October to December this year.

"In Kyaukmyaung Sub-Township, more than 10,000 acres of winter sesame are targeted for this year's crop season. Efforts will be made to achieve the full targeted acreage. Sesame cultivation has been increasing year by year. Compared to the monsoon, sesame is cultivated mainly in the winter season. As an oilseed crop, sesame is in a successful position," said Daw Khin Win, Head of the Kyaukmyaung Sub-Township Agriculture Department.

This year, the Township Agriculture Department will provide awareness programs for monsoon sesame farmers in Kyaukmyaung Sub-Township on expanding sesame cultivation, applying proper cultivation methods, practicing GAP techniques, using quality and pure seeds, and adopting high-yield varieties.

Crops cultivated under GAP standards are of higher quality, can fetch better prices, and are marketable not only domestically but also for export. As a result, farmers practicing GAP cultivation will gain higher incomes, contributing to improvements in their socio-economic livelihoods. **SMK**

## Kalay District to grow more than 15,000 acres of green gram this winter

KALAY November 5

According to Kalay District Agriculture Departmet, local farmers will grow 15,650 acres of green gram as cold season crops in Kalay District of Sagaing Region this year.

In 2025-2026 cold season, local authorities earmarked 13,660 acres of green gram in Kalay Township, 600 acres in Kalewa Township, and 1,390 acres in Mingin Township, totalling 15,650 acres.

During this year's winter crop season, more than 15,000 acres of green gram are planned for cultivation in Kalay District. Efforts will be made to ensure the full targeted acreage is cultivated. Green gram cultivation has been increasing year by year. To expand cultivation, awareness programs will be conducted, including guidance on using quality and pure seeds to achieve better yields, according to U Aung, Head of the Kalay District Agriculture Department.

This year, the respective Township Agriculture Departments in Kalay District will provide farmers with awareness programs on the use of suitable and pure seed varieties, correct cultivation practices, pest prevention, systematic use of fertilizers, and methods for achieving good yields.

It is also learned that during this year's monsoon crop season, in the cultivation of various pulses, the Agriculture Department has been cooperating with farmers by providing quality seeds, necessary inputs, and post-harvest technologies to ensure good yield and quality of pulse crops. **SK**

## More than 7,000 acres of groundnut harvested in Budalin Township

BUDALIN November 5

The agricultural data of Budalin Township Agriculture Department stated that local farmers have harvested more than 7,000 acres of groundnut planted as monsoon crops in Budalin Township of Sagaing Region this year.

In Budalin Township, groundnut was cultivated on up to 35,035 acres during this year's monsoon crop season. Harvesting of these groundnut fields began in August, and as of today, 7,748 acres have been harvested, with yields averaging 44.38 baskets per acre.

"This year, groundnut has been cultivated on 35,035 acres in Budalin Township. Harvesting is now underway, and so far, more than 7,000 acres have been completed. As an oil crop, it is progressing successfully. Groundnut cultivation is improving year by year," said U Phyo Wai, Head of the Budalin Township Department of Agriculture.



In Budalin Township, one and a half baskets of seed are required per acre for cultivation. Expenses, including seed costs, labour charges, fertilizers, and pesticides, amount to over Ks-200,000 per acre. Yields are reported to be more than 50 baskets per acre. **SK**

# IAEA chief condemns Trump's nuclear test plan

WASHINGTON November 5

US President Donald Trump's decision to resume nuclear weapon testing is indicative of a deepening global crisis and weakens the international system of security and peace, the director general of the International Atomic Energy Agency (IAEA), Rafael Grossi, has said.

Speaking to France's LCI TV channel on Tuesday, Grossi described Trump's announcement as a "manifestation of profound unease, tension, and increasing fragmentation," adding that it undermines both global peace and the non-proliferation regime.

Last week, Trump ordered the US Department of War to begin preparations for nuclear testing, claiming that the US is "the only country that doesn't test" and accusing Russia and China of conducting "secret" nuclear explosions. Both Moscow and Beijing have refuted the allegations.

Grossi questioned the veracity of Trump's claims, emphasizing that any nuclear detonations by other nations would be detected by the international monitoring system established under the Comprehensive Nuclear-Test-Ban Treaty. The IAEA chief noted that the organization responsible for overseeing compliance "can immediately record such phenomena."

Grossi called for the restoration of the United Nations' role in maintaining global peace and safeguarding the nuclear non-proliferation system amid rising tensions.

Kremlin spokesman Dmitry Peskov has so far refrained from commenting on Trump's statements, explaining that Moscow is still waiting for "clarifications from the American side." He stressed that neither Russia nor China had resumed nuclear testing and both remain committed to their obligations under the Comprehensive Nuclear-Test-Ban Treaty. Trump's announcement came after Russia conducted a series of tests, including the launch of its new Burevestnik nuclear-powered cruise missile and the Poseidon underwater drone. However, neither of these trials involved actual nuclear detonations.

Russian President Vladimir Putin has said that Moscow would consider resuming the testing of nuclear weapons only if other nuclear powers officially abandon the moratorium. **RT**

# Death toll from Typhoon Kalmaegi rises to 85 in Philippines



MANILA November 5

The death toll from Typhoon Kalmaegi in the Philippines has climbed to 85, with 75 more missing, the National Disaster Risk Reduction and Management Council (NDRRMC) reported on Wednesday.

The NDRRMC also reported that the search for the missing people from the flooding and landslides is underway.

On Tuesday, six people died from a military helicopter crash in Agusan del Sur province while on a relief mission to help typhoon victims.

Kalmaegi, the $20^{th}$ typhoon to slam the Philippine archipelago this year, is forecast to exit the Philippines on Wednesday night or early Thursday morning.

**Xinhua**

# At least 7 dead after cargo plane crashes at U.S. Kentucky airport

NEW YORK November 5

A UPS freight plane crashed on Tuesday after taking off from an airport in Louisville, Kentucky, a southeastern U.S. state, killing at least seven people and causing a fire that spread over "a massive area," local authorities said.

UPS Flight 2976, carrying 38,000 gallons of jet fuel and three crew members, crashed around 5:15 p.m. local time (2215 GMT), shortly after departing Louisville Muhammad Ali International Airport, said the Federal Aviation Administration (FAA).

Governor Andy Beshear said that the "catastrophic crash" left at least seven people dead and 11 others injured, noting the number is expected to rise. He added that the plane crashed near the airport, hitting two businesses and affecting others in the area.

Video from the scene showed a large fire and a thick plume of black smoke rising from the crash site.

Louisville's Fire Chief Brian O'Neill said hundreds of firefighters have nearly contained the fire and are searching the area "grid by grid" for potential victims.

The FAA said the National Transportation Safety Board will lead the investigation into the crash. **Xinhua**

# 34 killed in coach-minibus collision in S. Yemen



ADEN November 5

At least 34 people were killed when a long-distance passenger coach collided head-on with a minibus in Yemen's southern province of Abyan early Wednesday, a local security official told Xinhua.

The coach, traveling from Saudi Arabia to Yemen's southern port city of Aden, collided with the minibus along a steep mountain pass in Abyan's Arqoub area. The impact triggered a blaze that engulfed both vehicles, killing 31 passengers on the coach and three occupants of the minibus, said the official, who requested anonymity.

Most victims were trapped inside as the coach's door system malfunctioned and sealed windows hindered rescue efforts, said the official, adding that 13 passengers survived after breaking windows, sustaining severe burns and other injuries.

The Arqoub stretch is highly dangerous due to its steep inclines and sharp bends. **Xinhua**

# At least 30 killed in Haiti, 1.5 mln people affected in Jamaica by Hurricane Melissa: UN

UNITED NATIONS November 5

At least 30 people have been killed in Haiti and more than 1.5 million people affected in Jamaica by Hurricane Melissa, a UN spokesperson said Tuesday.

In Jamaica, infrastructure has been severely damaged, with more than 130 roads blocked and power and communication networks disrupted, Farhan Haq, deputy spokesperson for the UN secretary-general, told a daily briefing.

Health services are under heavy strain, since several hospitals and clinics were damaged or destroyed, prompting the deployment of an emergency medical team from the Pan American Health Organization, he said.Haq said the World Food Programme (WFP) estimated that up to 360,000 people may require food assistance in Jamaica.

A UN disaster assessment and coordination team is coordinating assistance teams and aid arriving, in support of the Jamaican government, he said. In Haiti, Haq said that the United Nations and its partners continue to carry out assessments of the damage wreaked by Hurricane Melissa and are ramping up efforts to reach people in need.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Doctors reveal the exact number of calories you need to cut to lower your risk of diabetes and heart disease

Cutting out just one candy bar's worth of calories from your diet a day may be enough to lower your risk of suffering diabetes or heart disease, a study suggests.

Researchers at Rush University in Chicago recruited more than 500 adults over 65 with a body mass index (BMI) of at least 25, signaling that they were overweight.

The participants were asked to adopt one of three diets for three years: Dietary Approaches to Stop Hypertension (DASH), Mediterranean-DASH Intervention for Neurodegenerative Delay (MIND) or a typical Western control diet.

The DASH diet is largely focused on improving heart health and preventing hypertension, or high blood pressure, while the MIND diet is meant to lower the risk of dementia and other forms of cognitive decline.

Both diets emphasize foods like fatty fish, whole grains and dark, leafy green vegetables. However, DASH puts more focus on lowering sodium intake to protect arteries, while the MIND diet champions brain-healthy foods like berries.

Those following the DASH and MIND diets were asked to cut out 250 of their typical calories per day, the equivalent of a candy bar, blueberry muffin or three hard-boiled eggs. It's unclear if they had a specific calorie target for the day.

The researchers found that, compared to those who didn't lose weight and were not on a diet, those who lost at least 10 percent of their body weight significantly improved their cholesterol and triglycerides, fats found in the bloodstream that build up in the arteries.

High LDL (bad) cholesterol and triglycerides are consistently linked to conditions like coronary artery disease, diabetes, heart attack and stroke.

People who lost at least 10 percent of their weight also had improved blood sugar and levels of adiponectin, a hormone secreted by fat tissue that blocks harmful inflammation and improves the body's response to insulin.



The team also found that the specific type of diet, DASH or MIND, did not change the relationship between weight loss and these improved health measures. It instead was the 250 fewer calories in a day that made the difference.

The researchers wrote: 'The MIND trial showed that weight loss through dietary interventions with mild calorie restriction is associated with favorable changes in cardiometabolic risk factors among older adults with overweight and obesity.'

The findings come as cardiovascular disease, which includes coronary artery disease, heart attack and stroke, is America's number one killer, taking nearly a million lives every year.

And about 12 percent of Americans, 38 million, have been diagnosed with diabetes, a 13 percent increase over the last decade.

The results of the clinical trial, dubbed MIND, were published in the International Journal of Obesity last month.

The study included 518 participants between the ages of 65 and 84, with an average age of 70 and an average BMI of 34, which qualifies as obese.

Just under two-thirds were women, and 88 percent were white.

After three years, 114 participants lost more than 10 percent of their body weight, 129 lost five to 10 percent, 163 had less than 5 percent weight loss and 112 lost no weight.

The team found that people who lost at least 10 percent of their weight saw an eight percent reduction in their LDL cholesterol compared to those who lost no weight. HDL (good) cholesterol also increased by 12 percent, and adiponectin rose by 54 percent.

Blood sugar levels also decreased by about 6 percent compared to those who lost no weight.

The results show that even for people who are overweight or obese in older age, when weight loss often slows due to lower metabolism and a loss of muscle mass, cutting out just 250 calories daily can lead to up to 10 percent weight loss.

However, the team noted the main limitation was not including people with cognitive impairment or dementia to look at the brain health benefits of either diet.

**Mail Online**



# ၂၀၂၆ ခုနှစ်အတွက် "တစ်နှစ်တာအကောင်းဆုံးကား" ဆန်ခါတင်ခုနှစ်စီးစာရင်းထွက်ပေါ်၊ EV ကားခြောက်စီးပါဝင်



၂၀၂၆ ခုနှစ် "တစ်နှစ်တာအကောင်းဆုံးကား" (Car of the Year) ဆုကို ဇန်နဝါရီလ ၉ ရက်မှာကြေညာမှာဖြစ်ပြီး အခုတော့ ကားခုနစ်စီးပါဝင်တဲ့ ဆန်ခါတင်စာရင်းကို ထုတ်ပြန်လိုက်ပါပြီ။ စုစုပေါင်း ဆန်ခါတင် ခုနစ်စီးထဲမှာ ခြောက်စီးက လျှပ်စစ်ကား (EV)များ သို့မဟုတ် EV ဗားရှင်းရှိတဲ့ မော်ဒယ်တွေဖြစ်နေပါတယ်။

ဆန်ခါတင်ပါဝင်တဲ့ ကားတွေကတော့ Citroen C5 Aircross၊ Fiat Grande Panda၊ Mercedes CLA၊ Skoda Elroq၊ Kia EV4 နဲ့ Renault 4 တို့ပဲဖြစ်ပါတယ်။ စာရင်းထဲက တစ်စီးတည်းသောလျှပ်စစ်မဟုတ်တဲ့ကားက Dacia Bigster ဖြစ်ပါတယ်။

ဒီကားခုနစ်စီးကို ဥရောပ ၂၃ နိုင်ငံမှ အကဲဖြတ်အဖွဲ့ဝင်အယောက် ၆၀ က မော်ဒယ် ၃၅ မျိုးထဲကနေ ရွေးချယ်ခဲ့တာပါ။ အခုအချိန်ကစပြီး အကဲဖြတ်အဖွဲ့ဝင်တွေက စပိန်နိုင်ငံမှာပါ ပူးတွဲစမ်းသပ်မှုများပြုလုပ်ကာ ဆက်လက်စစ်ဆေးကြဦးမှာဖြစ်ပါတယ်။ နောက်ဆုံး ဆုံးဖြတ်ချက်အတွက် အကဲဖြတ်တစ်ဦးစီက ကားတစ်စီးကို အများဆုံး ၁၀ မှတ်ပေးနိုင်ပြီး စုစုပေါင်း ၂၅ မှတ်ဖြင့် အနည်းဆုံး ဆန်ခါတင်ငါးစီးကိုမဲပေးရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က Renault 5 က "တစ်နှစ်တာအကောင်းဆုံးကား" ဆုကိုရရှိသွားပါတယ်။ **Ref: AE**

**ကိုထက်**

# ကင်းမြီးကောက်အဆိပ်က ရင်သားကင်ဆာကုသရေးအတွက် မျှော်လင့်ချက်ဖြစ်လာ



ဘရာဇီးနိုင်ငံမှ သုတေသီများက အမေဇုန်တောထဲမှ ကင်းမြီးကောက်ရဲ့အဆိပ်ထဲမှာ ရင်သားကင်ဆာကလာပ်စည်းတွေကိုတိုက်ဖျက်ရာမှာ အသုံးများတဲ့ဓာတုကုထုံးလိုမျိုး အာနိသင်ရှိတဲ့မော်လီကျူးတစ်မျိုးကိုရှာဖွေတွေ့ရှိခဲ့ပါတယ်။

ဒီရလဒ်ဟာ အမျိုးသမီးတွေမှာ အဖြစ်များတဲ့ အသက်အန္တရာယ်ရှိရင်သားကင်ဆာအတွက် ဆေးဝါးအသစ်ဖြစ်လာနိုင်တာကြောင့် အလွန်ကောင်းမွန်တဲ့တိုးတက်မှုလို့ဆိုနိုင်ပါတယ်။

ဒ့ါအပြင် သူတို့ဟာ မြွေဆိပ်နဲ့ကင်းမြီးကောက်အဆိပ်ကနေရရှိတဲ့ အကျိုးပြုဒြပ်ပေါင်းတွေကို ခတ်ခွဲခန်းနည်းပညာနဲ့ပွားယူတဲ့လုပ်ငန်းတွေကိုလည်း တိုးချဲ့လုပ်ဆောင်နေပါတယ်။ ဒီသုတေသနတွေကနေ အာရုံကြောနဲ့အရိုးဒဏ်ရာတွေကိုကုသဖို့အတွက် "ဇီဝကော်" လို့ခေါ်တဲ့ဆေးပစ္စည်းတစ်မျိုးကိုထုတ်လုပ်ထားပြီး အခုဆိုရင် နောက်ဆုံးအဆင့်လက်တွေ့စမ်းသပ်မှုတွေလုပ်ဆောင်နေပြီလို့ သိရပါတယ်။

သူတို့ရဲ့ရည်ရွယ်ချက်ကတော့ ဒီဆေးဝါးပစ္စည်းတွေကို စီးပွားဖြစ်ထုတ်လုပ်နိုင်ဖို့ဖြစ်ပါတယ်။ အခုလိုမျိုး သဘာဝပတ်ဝန်းကျင်မှာရှိတဲ့ အဆိပ်အတောက်တွေကနေ ဆေးဝါးတွေ ရှာဖွေဖော်ထုတ်နေတာဟာ အနာဂတ်ကျန်းမာရေးအတွက် အလွန်ကို အရေးကြီးတဲ့ တိုးတက်မှုတစ်ခုပဲဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# တရုတ်၏ အမြီးမဲ့ဒီဇိုင်းနှင့် အင်ဂျင်သုံးလုံးတပ် ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်ရှေ့ပြေးပုံစံသစ် ထွက်ပေါ်လာ



တရုတ်နိုင်ငံအနေနဲ့ ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်ထုတ်လုပ်ရေး အစီအစဉ်ကို အံ့မခန်းတိုးတက်မှုများရရှိလာနေတာတွေ့ရပါတယ်။ ဘာကြောင့်လဲဆိုရင် ပထမဆုံးအကြိမ်မိတ်ဆက်ပြီး ၁၀ လအကြာမှာပင် နောက်ဆုံးပေါ်တိုက်လေယာဉ်ရဲ့ရှေ့ပြေးပုံစံအသစ်တစ်ခု လေပေါ်ရောက်ရှိလာတာကိုမြင်တွေ့လိုက်ရလို့ဖြစ်ပါတယ်။

လူမှုကွန်ရက်ပေါ်ပျံ့နှံ့လာတဲ့ ဓာတ်ပုံတွေအရ Chengdu Aircraft Corporation ထုတ်ဒီလေယာဉ်ဟာ ထူးခြားတဲ့အမြီးမဲ့ဒီဇိုင်းနဲ့ အင်ဂျင်သုံးလုံးပါဝင်လာခဲ့ပါတယ်။ J-36 လို့ခေါ်ကြတဲ့ အခုဒုတိယမြောက်ရှေ့ပြေးပုံစံမှာ အရင်မော်ဒယ်နဲ့မတူဘဲ သိသာတဲ့အဆင့်မြှင့်တင်မှုတွေ ပါဝင်လာပါတယ်။

ကျွမ်းကျင်သူတွေရဲ့အဆိုအရ အခုလိုမျိုးအပြောင်းအလဲတွေဟာ လေယာဉ်ရဲ့ အသံတိတ်ပျံသန်းမှုနဲ့ လေထဲမှာလှုပ်ရှားသွားလာနိုင်စွမ်းကို ပိုမိုကောင်းမွန်လာစေဖို့ရည်ရွယ်ထားတာဖြစ်တယ်လို့ဆိုပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံဟာ အဆင့်မြင့်တိုက်လေယာဉ်ဒီဇိုင်းတွေကို လျင်မြန်စွာစမ်းသပ်တီထွင်ကာ ဝေဟင်စိုးမိုးရေးကို အရှိန်မြှင့်နေတာတွေ့ရပါတယ်။ **Ref: IE**

**ကိုထက်**

# စစ်သည်များကိုပိုမိုဘေးကင်းစေမယ့် လေဆာပစ်မှတ် မှတ်သားစနစ်

ပြင်သစ်နိုင်ငံရှိ မောင်းသူမဲ့လေယာဉ်အတွက် နည်းပညာထုတ်လုပ်သူ Merio က ဒရုန်းများပေါ်မှာတပ်ဆင်နိုင်တဲ့ လေဆာဖြင့် ပစ်မှတ်မှတ်သားနိုင်တဲ့စနစ်တစ်ခုကို မကြာသေးမီက ထုတ်ဖော်ပြသခဲ့ပါတယ်။

Milvus လို့အမည်ပေးထားသော ဒီစနစ်က သေးငယ်ပြီးပေ့ါပါးတဲ့အတွက် ဒရုန်းများပေါ်မှာ အလွယ်တကူတပ်ဆင်နိုင်တဲ့ အဆင့်မြင့်ကိရိယာတစ်ခုဖြစ်ပါတယ်။ အဲဒီကိရိယာက လေဆာရောင်ခြည်အသုံးပြုပြီး ရန်သူ့ပစ်မှတ်ကို တိကျစွာဆေးခြယ်လိုက်သလို မှတ်သားပေးမှာဖြစ်ပါတယ်။

သူ့ရဲ့မှတ်သားပေးမှုအပေါ်အခြေခံပြီး လေဆာလမ်းညွှန်ပဲ့ထိန်းဗုံးတွေ၊ ဒုံးကျည်တွေ၊ အမြောက်ကျည်တွေက အဲဒီပစ်မှတ်ကို ဆံခြည်မျှင်မလွဲ မှန်ကန်စွာဦးတည်တိုက်ခိုက်နိုင်စေမှာဖြစ်ပါတယ်။ Milvus စနစ်မှာ ၁၂ ကီလိုမီတာအကွာအဝေးကို တိုင်းတာနိုင်တဲ့လေဆာအပြင် အာရုံခံကိရိယာများစွာပါဝင်ပါတယ်။

အရင်တုန်းကဆိုရင် ခြေလျင်စစ်သည်များ ဒါမှမဟုတ် မောင်းသူပါလေယာဉ်များကသာ ပစ်မှတ်ကိုမှတ်သားရတဲ့အတွက် အန္တရာယ်နယ်ပယ်နဲ့ နီးကပ်စွာရှိခဲ့ရပါတယ်။

အခုတော့ Merio ရဲ့ စနစ်အသစ်ကြောင့် ပစ်မှတ်မှတ်သားနိုင်စွမ်းကို ဒရုန်းများအပေါ်ပြောင်းရွှေ့ပေးလိုက်နိုင်ပြီဖြစ်တဲ့အတွက် စစ်သည်များအနေနဲ့ ဘေးကင်းတဲ့အကွာအဝေးကနေ စစ်ဆင်နိုင်တော့မှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**



# စရိတ်နည်းစစ်ပွဲများမှာ စစ်မြေပြင်ကိုလွှမ်းမိုးနိုင်မယ့် Feilong-300D တိုက်ခိုက်ရေးဒရုန်း



တရုတ်နိုင်ငံရဲ့ Feilong-300D အမည်ရ စရိတ်နည်း ထောက်လှမ်းရေးနဲ့တိုက်ခိုက်ရေးဒရုန်းအကြောင်းကို မကြာသေးမီက ထုတ်ပြန်ခဲ့တဲ့အစီရင်ခံစာတစ်စောင်မှာ ဖော်ပြခဲ့တာတွေ့ရပါတယ်။ ဒီဒရုန်းတစ်စင်းက အမေရိကန်ဒေါ်လာ ၁၀၀၀၀ အောက်သာရှိနိုင်ကြောင်းခန့်မှန်းထားပြီး စရိတ်နည်းလက်နက်တွေကို အစုလိုက်အပြုံလိုက်အသုံးပြုနိုင်ဖို့ တရုတ်ရဲ့ဆောင်ရွက်ချက်တစ်ခုကိုဖော်ပြနေပါတယ်။

နိုင်ငံပိုင်ကာကွယ်ရေးကုမ္ပဏီ Norinco ကဒီဇိုင်းထုတ်ထားတဲ့ Feilong-300D ဟာ သံချပ်ကာပစ်မှတ်တွေကို တိုက်ခိုက်နိုင်ရုံသာမက နယ်မြေထိန်းချုပ်မှုနဲ့ထောက်လှမ်းမှု မစ်ရှင်တွေကိုပါ လုပ်ဆောင်နိုင်ပါတယ်။ အထူးသဖြင့် Feilong-300D ကို နယ်စပ်ဒေသတွေမှာ ထောက်လှမ်းခြင်း၊ စောင့်ကြည့်ခြင်းနဲ့ တိုက်ခိုက်ခြင်းတို့ လုပ်နိုင်စေဖို့အတွက် ရည်ရွယ်ထုတ်လုပ်ထားတာဖြစ်ပါတယ်။

Feilong-300D ဟာ အနာဂတ်စစ်ပွဲများအတွက် စရိတ်နည်းတိုက်ခိုက်ရေးအင်အားစုကိုတည်ဆောက်လိုတဲ့ နိုင်ငံများအတွက် အဓိကကျတဲ့သော့ချက်တစ်ခု ဖြစ်လာနိုင်ပါတယ်လို့ ထုတ်ပြန်ချက်မှာဖော်ပြထားတာတွေ့ရပါတယ်။ **Ref: IE**

**ကိုထက်**

## ဖိလစ်ပိုင်တွင် မုန်တိုင်းခန့်မေဂီကြောင့် သေဆုံးသူ ၈၅ ဦးအထိ မြင့်တက်လာ



**မနီလာ၊ သဘာ၀ဘေး**

ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း ခန့်မေဂီ၀င်ရောက်တိုက်ခတ်မှုကြောင့် သေဆုံးသူအရေအတွက်သည် ၈၅ ဦးအထိ မြင့်တက်လာပြီး ၇၆ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း နိုင်ငံ၏အရပ်ဘက်ကာကွယ်ရေးရုံး(OCD)က နို၀င်ဘာလ ၅ ရက်တွင် ထုတ်ပြန်ထားသည်။

OCD ဒုတိယအုပ်ချုပ်ရေးမှူး ရာဖေးလီတို အလက်ဂျန်ဒရိုက သေဆုံးသူများသည် မုန်တိုင်းဒဏ်ကို အဆိုးဆုံးခံစားရသော စီဘူးပြည်နယ်မှဖြစ်သည်ဟု သတင်းဌာနများကိုပြောသည်။

အဆိုပါမုန်တိုင်းတိုက်ခတ်မှုကြောင့် အနည်းဆုံး လူ ၁၇ ဦး ဒဏ်ရာရရှိကာ လူပေါင်း ၇၀၆၀၀၀ ကျော် သဘာ၀ဘေးကို ခံစားခဲ့ရသည်။ နို၀င်ဘာလ ၅ ရက် နံနက်ပိုင်းအချိန်တိုင်းတာချက်များအရ မုန်တိုင်း၏ဗဟိုချက်သည် ပါလာ၀န်ပြည်နယ်ရှိ အယ်နီဒိုမြို့တွင်ရှိပြီး တစ်နာရီလျှင် ၂၅ ကီလိုမီတာနှုန်းဖြင့် အနောက်မြောက်ဘက်သို့ ရွေ့လျားနေကာ အများဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၂၀ ကီလိုမီတာရှိသည်။

ဖိလစ်ပိုင်နိုင်ငံသည် ပစိဖိတ်တိုင်ဖွန်းခါးပတ်ကွင်းဒေသတွင်ပါ၀င်နေသည့်နိုင်ငံဖြစ်သောကြောင့် တစ်နှစ်လျှင်အနည်းဆုံး မုန်တိုင်းအလုံး ၂၀ ခန့်၀င်ရောက်တိုက်ခတ်မှုနှင့်ရင်ဆိုင်နေရသည့်နိုင်ငံဖြစ်သည်။ ယခုတိုက်ခတ်သည့် ခန့်မေဂီမုန်တိုင်းသည် ၂၀၂၅ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ ၀င်ရောက်တိုက်ခတ်သောအကြိမ် ၂၀ မြောက်မုန်တိုင်းဖြစ်သည်။ **Ref: Xinhua**

## တောင်ကိုရီးယားတွင် တုပ်ကွေးဖြစ်ပွားမှုများပြားလာ ဆေး၀ါးပြတ်လပ်နေ

**ဆိုး၊ ကျန်းမာရေး**

တောင်ကိုရီးယားနိုင်ငံသည် ယခုနှစ်တွင် တုပ်ကွေးရာသီအပြင်းထန်ဆုံးနှင့် ရင်ဆိုင်နေရပြီး ကူးစက်ခံရမှုနှုန်းသည် ယမန်နှစ်ကထက် သုံးဆကျော်မြင့်တက်လာလျက်ရှိကြောင်း တာ၀န်ရှိသူများက နို၀င်ဘာလ ၅ ရက်တွင်ထုတ်ပြန်ထားသည်။

ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန၏ အချက်အလက်များအရ အောက်တိုဘာလ တတိယပတ်တွင် ပြင်ပလူနာများ၌ တုပ်ကွေးနှင့်ဆင်တူသောဖျားနာနှုန်းသည် လူနာအယောက် ၁၀၀၀ လျှင် ၁၃ ယောက်အထိ မြင့်တက်လာသည်ကိုတွေ့ရသည်။

လတ်တလောတွင် အဓိကပျံ့နှံ့နေသောဗိုင်းရပ်ပိုးမှာ ကပ်ရောဂါအဖြစ်ပြောင်းလဲစေနိုင်သော ဗီဇပြောင်းလဲနိုင်သည့် တုပ်ကွေး A (H3N2) အမျိုးအစားဖြစ်သည်ဟု ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ထုတ်ပြန်ထားသည်။

တစ်ချိန်တည်းမှာပင် နိုင်ငံအတွင်းရှိ ဆေးဆိုင်များ၌ တုပ်ကွေးရောဂါပျောက်ဆေးပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း ဒေသတွင်းသတင်းဌာနများကဖော်ပြထားသည်။ **Ref: SCMP**

## အမေရိကန်၌ ကုန်တင်လေယာဉ် ပျက်ကျမှုကြောင့် အနည်းဆုံး ၇ ဦး သေဆုံး

**လူး၀စ္စဗေး၊ မတော်တဆမှု**

အမေရိကန်နိုင်ငံ အရှေ့တောင်ပိုင်း ကန်တပ်ကီပြည်နယ်ရှိ လူး၀စ္စဗေးမြို့လေဆိပ်မှ ထွက်ခွာသွားသည့် UPS ကုန်တင်လေယာဉ်တစ်စင်းသည် နို၀င်ဘာလ ၄ ရက်တွင် ပျက်ကျမှုဖြစ်ပွားရာ အနည်းဆုံး လူ ၇ ဦး သေဆုံးပြီး ကြီးမားသောမီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း ဒေသတွင်းတာ၀န်ရှိသူများကပြောသည်။

ကုန်တင်လေယာဉ်သည် လေယာဉ်ဆီဂါလန် ၃၈၀၀၀ နှင့် လေယာဉ်အမှုထမ်း သုံးဦးကိုတင်ဆောင်ကာ လေဆိပ်မှထွက်ခွာပြီး မကြာမီ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးက အဆိုပါမတော်တဆမှုကြောင့် အနည်းဆုံး လူ ၇ ဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိကာ သေဆုံးသူအရေအတွက် တိုးမြင့်လာဖွယ်ရှိသည်ဟု ပြောသည်။ လက်ရှိတွင် မီးသတ်တပ်ဖွဲ့က မီးလောင်မှုကိုထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **Ref: ST**

## ဟာရီကိန်း မယ်လစ်ဆာကြောင့် ဟေတီတွင် လူ ၃၀ သေဆုံး ဂျမေကာတွင် လူတစ်သန်းခွဲ ထိခိုက်

**နယူးယောက်၊ သဘာ၀ဘေး**

ဟာရီကိန်းမုန်တိုင်း မယ်လစ်ဆာကြောင့် ဟေတီနိုင်ငံတွင် အနည်းဆုံး လူ ၃၀ သေဆုံးပြီး ဂျမေကာနိုင်ငံတွင် လူပေါင်းတစ်သန်းခွဲမှာထိခိုက်ခဲ့ရကြောင်း ကုလသမဂ္ဂမှပြောရေးဆိုခွင့်ရှိသူတစ်ဦးက နို၀င်ဘာလ ၄ ရက်တွင်ပြောသည်။

မုန်တိုင်းကြောင့် ဂျမေကာ၌ လမ်းမကြီး ၁၃၀ ကျော်ပိတ်ဆို့ကာ လျှပ်စစ်နှင့် ဆက်သွယ်ရေးကွန်ရက်များ ပြတ်တောက်ခြင်းအပါအ၀င် အခြေခံအဆောက်အဦများ သိသိသာသာပျက်စီးခဲ့သည်။ ထို့ပြင်ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ဂျမေကာတွင် လူပေါင်း ၃၆၀၀၀၀ အထိ စားနပ်ရိက္ခာအကူအညီလိုအပ်နိုင်သည်ဟု ခန့်မှန်းထားသည်။ ဟေတီတွင်လည်း ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများက ပျက်စီးဆုံးရှုံးမှုများကို ဆက်လက်အကဲဖြတ်နေပြီး လိုအပ်နေသူများထံ အကူအညီများ တိုးမြှင့်ပေးပို့နေကြောင်းသိရသည်။ **Ref: Xinhua**

## အမေရိကန်၌ အစိုးရအဖွဲ့၏လုပ်ငန်းရပ်ဆိုင်းမှု သမိုင်းတွင် အရှည်ကြာဆုံးအဖြစ်စံချိန်တင်



**၀ါရှင်တန်၊ ပြည်တွင်းရေး**

အမေရိကန်ပြည်ထောင်စု၌ အစိုးရ၏ လုပ်ငန်းများရပ်ဆိုင်းမှုသည် နို၀င်ဘာလ ၅ ရက်တွင် ၃၆ ရက်မြောက်နေ့သို့ရောက်ရှိခဲ့ရာ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် စံချိန်တင်ထားသော ၃၅ ရက်ထက် ကျော်လွန်၍ အမေရိကန်သမိုင်းတွင် အရှည်ကြာဆုံး အစိုးရအဖွဲ့လုပ်ငန်းရပ်ဆိုင်းမှုဖြစ်လာသည်။

အောက်လွှတ်တော်က အတည်ပြုထားပြီးဖြစ်သော အစိုးရအဖွဲ့အတွက် ယာယီအသုံးစရိတ်ဥပဒေကြမ်းကို အထက်လွှတ်တော်ကအတည်ပြုရန် ထောက်ခံမဲ ၆၀ လိုအပ်မှုဖြင့် အတည်မပြုနိုင်ခြင်းဖြစ်သည်။

ထိုသို့အတည်မပြုနိုင်သည့်အတွက် အစိုးရအဖွဲ့၏လုပ်ငန်းများရပ်ဆိုင်းမှု၏ သက်ရောက်မှုသည် လေကြောင်းသွားလာရေးဘေးကင်းလုံခြုံမှုနှင့် အစားအသောက်အကူအညီပေးရေး အစီအစဉ်များအထိ ကျယ်ကျယ်ပြန့်ပြန့် ရိုက်ခတ်မှုဖြစ်ပေါ်လာသည်။

အမေရိကန်နိုင်ငံသား ၄၂ သန်းခန့်ကို အကျိုးပြုသည့် အာဟာရဖြည့်တင်းရေး အစီအစဉ် (SNAP) ကို ရန်ပုံငွေအသုံးပြု၍ ထိန်းသိမ်းထားရန် ဆုံးဖြတ်ခဲ့သော်လည်း အချို့ပြည်နယ်များ၌ အပြည့်အ၀အကောင်အထည်ဖော်နိုင်ရန် ရက်သတ္တပတ်များစွာ ကြာမြင့်နိုင်သည်။

ထို့အတူ နိုင်ငံ့၀န်ထမ်းတစ်သန်းကျော်သည်လစာမရဘဲဖြစ်နေပြီး အချို့မှာ အခမဲ့အစားအသောက် အကူအညီများအတွက် တန်းစီနေရသည်။ ယခုအခြေအနေကြောင့် စီးပွားရေးအရ ဆုံးရှုံးမှုမှာ ဒေါ်လာ ၁၁ ဘီလီယံမှ ၁၄ ဘီလီယံအထိ ရှိနိုင်ကြောင်း သိရသည်။ **Ref: Xinhua**

## တရုတ်က အမေရိကန်ကုန်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံမှုကို တစ်နှစ်တာဆိုင်းငံ့

**ပေကျင်း၊ စီးပွားရေး**

တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံမှ သွင်းကုန်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံမှုကို တစ်နှစ်တာဆိုင်းငံ့မည်ဖြစ်ကြောင်း နို၀င်ဘာလ ၅ ရက်တွင် ကြေညာသည်။ ယခုဆုံးဖြတ်ချက်သည် ပြီးခဲ့သည့် ရက်သတ္တပတ်တွင် နှစ်နိုင်ငံခေါင်းဆောင်များကြား တွေ့ဆုံဆွေးနွေးရာမှရရှိခဲ့သော သဘောတူညီချက်ကို အကောင်အထည်ဖော်လိုက်ခြင်းဖြစ်သည်။

“အမေရိကန်မှ ကုန်ပစ္စည်းများအပေါ် အခွန် ၂၄ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံမှုကို ဆိုင်းငံ့ထားခြင်းနှင့် အခွန် ၁၀ ရာခိုင်နှုန်း သတ်မှတ်ခြင်းကို တစ်နှစ်ဆက်လက်ထားရှိမည်”ဟု နိုင်ငံကောင်စီ၏ထုတ်ပြန်ချက်ကိုကိုးကား၍ ဘဏ္ဍာရေး၀န်ကြီးဌာန၏ ၀က်ဆိုက်တွင် ဖော်ပြထားသည်။

အဆိုပါဆိုင်းငံ့မှုသည် နို၀င်ဘာလ ၁၀ ရက်မှ စတင်အသက်၀င်မည်ဖြစ်သည်။ နှစ်နိုင်ငံကြားသဘောတူညီချက်အရ အမေရိကန်သမ္မတကလည်း တရုတ်သွင်းကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံမှုကို ၂၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချရန် နို၀င်ဘာလ ၄ ရက်တွင် ကြေညာသည်။

ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံး နိုင်ငံနှစ်ခုအကြား ၂၀၂၅ ခုနှစ်တွင် ကုန်သွယ်ရေးနှင့်ပတ်သက်၍ တင်းမာမှုများဖြစ်ပွားပြီးနောက် အခွန်များကိုအပြန်အလှန် တိုးမြှင့်ကောက်ခံခဲ့ခြင်းဖြစ်သည်။ **Ref: ST**



# စစ်ကိုင်းတိုင်းဒေသကြီး ကလေး-မော်လိုက်သွား ကားလမ်းမပေါ်ရှိ သံကူကွန်ကရစ်အမျိုးအစား ပလူဇဝ တံတားကြမ်းခင်းအား PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး




PDF အမည်ခံအကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် ကလေး-မော်လိုက်သွား ကားလမ်းမပေါ်ရှိ ပလူဇဝတံတားအား တွေ့ရစဉ်။



PDF အမည်ခံအကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် ကလေး-မော်လိုက်သွား ကားလမ်းမပေါ်ရှိ ပလူဇဝတံတားအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ပေးခဲ့မှုကိုတွေ့ရစဉ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေး-မော်လိုက်သွား ကားလမ်းမပေါ်ရှိ ပလူဇဝတံတားအား PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။




နေပြည်တော် နိုဝင်ဘာ ၅

PDF အမည်ခံအကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များသည် ဒေသကောင်းစားရေးဟုသုံးနှုန်း၍ အမှန်တကယ်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ဒေသတွင်းကုန်စည်စီးဆင်းမှုများ ပျက်ပြားစေရန်ရည်ရွယ်၍ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများနှင့် မီးရှို့ဖျက်ဆီးခြင်းများစသည့် အဖျက်အမှောင့်လုပ်ငန်းများကို ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နှင့်မော်လိုက်မြို့ကိုဆက်သွယ်ထားသည့်ကလေး-မော်လိုက်သွားကားလမ်းမပေါ်ရှိ အများပြည်သူသွားလာအသုံးပြုလျက်ရှိသော အရှည်ပေ ၃၀၀၊ အကျယ် ၁၈ ပေရှိသံကူကွန်ကရစ်အမျိုးအစား ပလူဇဝတံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက အောက်တိုဘာလ ၃၀ ရက်တွင်မီးရှို့ဖျက်ဆီးခဲ့သဖြင့် တံတား၏တောင်ဘက်ခြမ်းကြမ်းခင်း ၁၀ ပေခန့် မီးလောင်ပျက်စီးခဲ့ရာ အများပြည်သူများ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိဘဲ အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ခရီးသွားအများပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် PDF အမည်ခံ အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးသွားသော ပလူဇဝ တံတားကြမ်းခင်းအား အမြန်ဆုံးပြန်လည်ပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးခဲ့ရာ အောက်တိုဘာလ ၃၁ ရက်တွင် ပြီးစီးခဲ့သဖြင့် ကလေး-မော်လိုက်သွားကားလမ်းမပေါ်၌ အများပြည်သူများ၊ မော်တော်ယာဉ်များ ပုံမှန်အတိုင်းဖြတ်သန်းသွားလာလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၈ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် နိုဝင်ဘာ ၅

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-မဲ့ထော်သလေး(KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၅ ဦး၊ အီသီယိုးပီးယားနိုင်ငံသားနှစ်ဦးနှင့် တရုတ်နိုင်ငံသားတစ်ဦး၊ စုစုပေါင်းပြည်ပနိုင်ငံသား ၁၈ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်စဉ်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ နိုဝင်ဘာလ ၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၇၆၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၄၀၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၅၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# လူငယ်များ အလုပ်အကိုင်တိုးတက်ရရှိစေရေး ဟိုတယ်လုပ်ငန်းဆိုင်ရာအသက်မွေးပညာ သင်တန်းများဖွင့်လှစ်ပို့ချနေမှု ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကြည့်ရှုအားပေး



ရန်ကုန် နိုဝင်ဘာ ၅


အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူ ကမာရွတ်မြို့နယ်ရှိ National Management Academy တွင် ဟိုတယ်လုပ်ငန်းဆိုင်ရာအသက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချနေမှုများကို ကြည့်ရှုအားပေးသည်။

ဦးစွာ သင်တန်းကျောင်းတာဝန်ခံက National Management Academy မှ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် ဒီပလိုမာသင်တန်းများအဖြစ် ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် မတ်လမှ ၂၀၂၅ ခုနှစ် ဩဂုတ်လအထိ သင်တန်းသား ၁၅၉ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး သင်တန်းပြီးဆုံးသူများကို ပြည်တွင်း/ပြည်ပရှိ ဟိုတယ်များ၊ လုပ်ငန်းရှင်များ၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သင်တန်းကျောင်းအနေဖြင့် သင်တန်းဆင်းများ၏အလုပ်အကိုင်တိုးတက်ရရှိစေရေး ဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာရှိသော၊ စိတ်ဓာတ်ကောင်းမွန်၍ စည်းကမ်းလိုက်နာသော၊ စွမ်းဆောင်ရည်ပြည့်ဝသော ပညာတတ်လူငယ်များဖြစ်လာစေရေး အလေးထားသင်ကြားပို့ချဆောင်ရွက်ရန်မှာကြားကာ သင်တန်းဖွင့်လှစ်ပို့ချနေမှုများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန်ရှိ EO အထည်ချုပ်စက်ရုံ၊ New Green Land အထည်ချုပ်စက်ရုံနှင့် Myanmar C.P Livestock Co., Ltd. အစာစပ်စက်ရုံတို့သို့သွားရောက်၍ စက်ရုံရှိတာဝန်ခံများ၊ အလုပ်သမားအဖွဲ့အစည်းဝင်များ၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာတာဝန်ခံများနှင့် တွေ့ဆုံ၍ လုပ်ငန်းခွင်အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များမှာကြား၍ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

မြဝတီ

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။






အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

နေပြည်တော် နိုဝင်ဘာ ၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁ ရက်နှင့် ၂ ရက်**တို့တွင် ကျောက်တံခါးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၃၉၁) တန်၊ သစ်မာ (၁ ဒသမ ၁၁၉)တန်နှင့် အခြားသစ် (၁၀ ဒသမ ၃၁၄)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၂၁၁၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၃ ရက်**တွင် တောင်ကြီးမြို့နယ်၊ ၄ မိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း(၁၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ Toyota Probox (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၂၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂ ရက်နှင့် ၃ ရက်**တို့တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Caldina (၁)စီး၊ Honda Step (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မြိတ်မြို့နယ်၊ ရှမ်းချောင်းလမ်းမကြီး၊ အကောက်ခွန် ဝန်ထမ်းအိမ်ရာအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၈၀၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် (၂)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၅၇၀၂၆၅) ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၅၀၇၂၆၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**နိုဝင်ဘာလ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်**တို့တွင်ဖမ်းဆီးရမိမှု**စုစုပေါင်းမှာ အမှုတွဲ (၁၅) မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၉၇၈၄၃၈၁)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၁၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၅ | ၂၈၁၅ | ၂၇၈၅ | ၂၇၂၀ | ၂၈၂၅ | ၂၈၄၀ | ၂၈၅၅ | ၂၇၇၅ | ၄၅၀၅ | ၃၀၇၀ | ၂၇၉၀ | ၂၉၁၀ | ၂၈၆၅ | ၂၈၃၀ | ၂၈၅၀ | ၃၁၀၅ |
| 95 Ron | ၂၈၀၀ | ၂၉၁၅ | ၂၈၈၀ | ၂၈၁၅ | ၂၉၂၀ | ၂၉၃၅ | ၂၉၅၅ | ၂၈၇၀ | ၄၅၆၀ | ၃၁၆၅ | ၂၈၉၀ | ၂၉၉၅ | ၂၉၆၀ | ၂၉၂၅ | ၂၉၄၅ | ၃၂၀၅ |
| HSD (500 ppm) | ၂၄၅၅ | ၂၅၇၀ | ၂၅၃၅ | ၂၄၇၀ | ၂၅၇၅ | ၂၅၉၀ | ၂၆၁၀ | ၂၅၂၅ | - | ၂၈၂၀ | ၂၅၄၅ | ၃၂၃၀ | ၂၆၁၅ | ၂၅၈၀ | ၂၆၀၅ | ၂၈၆၀ |
| HSD (50 ppm) | ၂၉၉၀ | ၃၀၀၀ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | ၄၈၃၀ | ၃၃၅၅ | ၃၀၇၅ | ၃၂၆၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၀ |
| HSD (10 ppm) | ၂၉၉၀ | ၃၀၀၀ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | - | ၃၃၅၅ | ၃၀၇၅ | ၃၂၆၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၃ | ၂၆၂၇ |
| 95 Ron | ၂၆၃၇ | ၂၇၂၃ |
| HSD (500 ppm) | ၂၃၀၄ | ၂၃၇၆ |
| HSD (50 ppm) | ၂၈၂၀ | ၂၉၀၆ |
| HSD (10 ppm) | ၂၈၂၀ | ၂၉၀၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-


၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရေကြောင်းသတိပေးချက်ထုတ်ပြန်မည့်ဧရိယာ




၁။ မြန်မာ့ပင်လယ်ပြင်အတွင်း ရေတပ်ဆိုင်ရာပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်မှ ၈ ရက်ထိ ရေပြင်၊ ဝေဟင်လက်နက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၈ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၈ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ်စသည့် Coordinates အမှတ်များဆက်ဆွဲထားသည့်ဧရိယာအားသတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀(တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

# မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။


၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၇)ရက်(သောကြာနေ့)ညတွင် ဂီတဂန္ထဝင်တေးသီချင်းများကို လက်ဆင့်ကမ်းတင်ဆက်မှုအနေဖြင့် နာမည်ကျော် ခေတ်ဟောင်းတေးအဆိုတော်ကြီးများနှင့် တက်သစ်စအဆိုတော်များစုပေါင်း၍ **“ အလှကမ္ဘာမြေလက်ဆင့်ကမ်း ”** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်–

**(၇-၁၁-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ “အလှကမ္ဘာမြေလက်ဆင့်ကမ်း” တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | တေးမိုးသွန်းရွာ | Group Song |
| ၂။ | အလှကမ္ဘာမြေဝယ် | ပြင်ပအဆိုရှင် |
| ၃။ | ရွှေကိန္နရီလား သူဇာလား | ပြင်ပအဆိုရှင် |
| ၄။ | နိုဝင်ဘာမှာလာမှာလား ဒီဇင်ဘာမှာလာမှာလား | ပြင်ပအဆိုရှင် |
| ၅။ | အချိန်ရမှနားထောင်ပါ | ပြင်ပအဆိုရှင် |
| ၆။ | မောင့်ကိုချစ်ဖို့မွေးဖွားလာပါတယ် | ပြင်ပအဆိုရှင် |
| ၇။ | ဘယ်နေ့ပြန်လာမှာလဲမောင် | ပြင်ပအဆိုရှင် |
| ၈။ | နေ့စဉ်ပိတောက်ပွင့်ပါစေ | ပြင်ပအဆိုရှင် |
| ၉။ | အနုပညာပန်းတိုင် | ပြင်ပအဆိုရှင် |
| ၁၀။ | မမပုသိမ်သူ | ပြင်ပအဆိုရှင် |



သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့် စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော



တေဇ ရုပ်စုံ

- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာမှုဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် နိုဝင်ဘာလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၃၂၄ (ဖြန့်ချီရေး)

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

**ပျောက်ဆုံးကြောင်း**

တိုးအောင်(ဘ)ဦးကုလား ၉/တကန(နိုင်)၂၃၆၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၂၀၉၃၈၂၁

**ဖခင်အမည်မှန်**

တောင်ငူမြို့၊ အ.လ.က(ခွဲ) ၁၈/၁ Grade-6 တွင် ပညာသင်ကြားနေသော မယမင်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇင်လတ် ၇/တငန(နိုင်)၂၄၁၉၈၃ ဖြစ်ပါကြောင်း။
ဦးကျော်ဇင်လတ်

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ပီအက်စ်ဂျီအသင်း အဓိကခံစစ်ကစားသမားဟာကီမိ ပြင်းထန်သည့်ခြေထောက်ကျိုး ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်




ပါရီ နိုဝင်ဘာ ၅

ပီအက်စ်ဂျီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ကစားသည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ပြင်းထန်သည့် ခြေထောက်ကျိုးဒဏ်ရာရရှိသော ပီအက်စ်ဂျီ အသင်း အဓိကခံစစ်ကစားသမား ဟာကီမိအနေဖြင့် ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ကစားသည့်ပွဲစဉ်၌ ဟာကီမိသည် ပထမပိုင်းပွဲချိန်အပြီး အချိန်ပို ရှစ်မိနစ်တွင် ဘိုင်ယန်မြူးနစ်အသင်း တောင်ပံကစားသမား ဒီယက်၏ဖျက်ထုတ်ပုံကြမ်းတမ်းမှုကြောင့် ပြင်းထန်သည့်ခြေထောက်ကျိုးဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။

ဒီယက်သည် ဟာကီမိဘောလုံးပြေးဆွဲသည်ကို နောက်မှ သိသိသာသာဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သည့်အတွက် ပြင်းထန်သည့်ဘယ်ဘက်ခြေထောက်ကျိုးဒဏ်ရာရရှိပြီးနောက် ကာလရှည်အနားယူရမည့် အရေးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

အစောပိုင်းက အဆိုပါဖြစ်ရပ်အတွက် ကွင်းလယ်ဒိုင်လူကြီး မာရီနီက ကြမ်းတမ်းစွာဖျက်ထုတ်ခဲ့သည့် ဒီယက်ကို အဝါကတ်သာပြသသတိပေးမှုလုပ်ဆောင်ခဲ့ပြီး ပြန်လည်စိစစ်မှုများလုပ်ဆောင်ပြီးနောက် ဆုံးဖြတ်ချက်ပြန်လည်ပြင်ဆင်ကာ တိုက်ရိုက်အနီကတ်ပြသခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်အတွက် ဒီယက်အနေဖြင့်လည်း ၎င်း၏ကြမ်းတမ်းစွာဖျက်ထုတ်ခဲ့မှုကြောင့် ပြင်းထန်သည့်ဒဏ်ရာရရှိခဲ့သော ဟာကီမိကို ကွင်းအတွင်း၌ပင် တောင်းပန်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် ဟာကီမိအနေဖြင့် ပြင်းထန်သည့် ခြေထောက်ကျိုးဒဏ်ရာရရှိခဲ့သကဲ့သို့ နောက်ထပ် အဓိကတိုက်စစ်ကစားသမား ဒမ်ဘီလီသည်လည်း ပွဲချိန် ၂၅ မိနစ်တွင်ပင် ပေါင်ဒဏ်ရာရရှိသည့်အတွက် လူစားလဲထွက်ခွာခဲ့ရပြီး မည်သည့်အချိန်ထိ အနားယူရမည်ကို မသိရှိရသေးဘဲ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

ဟာကီမိသည် ပြင်းထန်သည့်ခြေထောက်ကျိုး ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ဖြစ်သည့်အတွက် ပီအက်စ်ဂျီအသင်းပွဲစဉ်များအပြင် မော်ရိုကိုအသင်းနှင့်ပါ အာဖရိကဖလားပြိုင်ပွဲကို လွဲချော်ဖွယ်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် အသက်အငယ်ဆုံးကစားသမားအဖြစ် ဒိုမန်းမှတ်တမ်းဝင်

လန်ဒန် နိုဝင်ဘာ ၅

အာဆင်နယ်အသင်းလူငယ်ကစားသမား ဒိုမန်းသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ်ကစားသည့် အာဆင်နယ်အသင်းက ဆလားဗီးယားပရပ်အသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် ပါဝင်ကစားခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဒိုမန်းသည် အာဆင်နယ်အသင်းနှင့် ဆလားဗီးယားပရပ်အသင်းတို့ကစားသည့်ပွဲစဉ်၌ ပါဝင်ကစားချိန်တွင် ၎င်း၏အသက်မှာ ၁၅ နှစ်နှင့် ၃၀၈ ရက်သာရှိသေးသည့်အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ဒိုမန်းသည် အာဆင်နယ်အသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ယခုဘောလုံးရာသီတွင် နည်းပြ အာတီတာ၏ယုံကြည်မှုနှင့်အတူ အသင်းကြီးတွင် ပါဝင်ကစားခွင့်ရရှိကာ အသင်းသမိုင်းတစ်လျှောက် အစောပိုင်းက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သကဲ့သို့ ယခုအခါတွင်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင်ပါ မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

*Ref;Fotmob*

# အင်္ဂလန်အသင်းအနေဖြင့် ယူရို ၂၀၂၈ ပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိထားသော်လည်း ဝင်ဘာလေအားကစားကွင်းကို အသုံးပြုမည်မဟုတ်

လန်ဒန် နိုဝင်ဘာ ၅

အင်္ဂလန်အသင်းအနေဖြင့် ယူရို ၂၀၂၈ ပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိထားသော်လည်း အုပ်စုအဆင့်မှ တိုက်ရိုက်ဝင်ခွင့်ရရှိမည်မဟုတ်ဘဲ ခြေစစ်ပွဲအဆင့်ကစားရမည်ဖြစ်သည့်အတွက် အိမ်ကွင်းအဖြစ် အသုံးပြုနေသည့် ဝင်ဘာလေအားကစားကွင်းကို အသုံးပြုမည်မဟုတ်ဘဲ တခြားကွင်းများကိုသာ အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ပုံမှန်အားဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိမည့်အသင်းများအနေဖြင့် ခြေစစ်ပွဲကစားရမည်မဟုတ်ဘဲ အုပ်စုအဆင့်မှ တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်သော်လည်း ယခုအခါ အင်္ဂလန်အသင်းသည် စကော့တလန်အသင်း၊ ဝေးလ်အသင်းတို့နှင့် ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့်အတွက် တိုက်ရိုက်ဝင်ခွင့်ရရှိမည်မဟုတ်ဘဲ ခြေစစ်ပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။

အင်္ဂလန်အသင်းက ခြေစစ်ပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်သည့်အတွက် ယူရို ၂၀၂၈ ပြိုင်ပွဲကို အိမ်ကွင်းဖြစ်သည့် ဝင်ဘာလေအားကစားကွင်း၌ ကစားမည်မဟုတ်ဘဲ ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် မန်စီးတီးအသင်း၊ စပါးအသင်း၊ အက်စ်တွန်ဗီလာအသင်း၊ အဲဗာတန်အသင်းနှင့် နယူးကာဆယ်အသင်းအိမ်ကွင်းတို့၌သာ ကျင်းပမည်ဖြစ်သည်။

ယူရို ၂၀၂၈ ပြိုင်ပွဲတွင် ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အင်္ဂလန်အသင်း၊ ဝေးလ်အသင်းနှင့် စကော့တလန်အသင်းတို့မှ နှစ်သင်းအနေဖြင့် ခြေစစ်ပွဲမအောင်မြင်ပါက အိမ်ရှင်အခွင့်အရေးအဖြစ် အုပ်စုအဆင့်မှ တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်သော်လည်း သုံးသင်းစလုံး ခြေစစ်ပွဲအဆင့်ကစားရမည်ဖြစ်သည်။

ယူရို ၂၀၂၈ ပြိုင်ပွဲခြေစစ်ပွဲအတွက် ပွဲစဉ်ဇယားကို နိုဝင်ဘာလ ၁၂ ရက်တွင်ကျင်းပမည့် အဆိုပါပြိုင်ပွဲမိတ်ဆက်ပွဲတွင် ရေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*

# အင်္ဂလန်အသင်းနှင့် မန်ယူအသင်းကစားသမားဟောင်း ဒေးဗစ်ဘက်ခမ်း ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် ဆာဘွဲ့ချီးမြှင့်ခံရ

လန်ဒန် နိုဝင်ဘာ ၅

အင်္ဂလန်အသင်းနှင့် မန်ယူအသင်းကစားသမားဟောင်း ဒေးဗစ်ဘက်ခမ်းသည် ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် ဆာဘွဲ့ချီးမြှင့်ခံရကြောင်း သိရသည်။

ဗြိတိန်ဘုရင်၏မွေးနေ့အထိမ်းအမှတ်အဖြစ် ဒေးဗစ်ဘက်ခမ်းသည် ဘောလုံးလောကနှင့် ဗြိတိန်လူမှုအဖွဲ့အစည်းအတွက် အကျိုးပြုဆောင်ရွက်ခဲ့မှုများအတွက် ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် ဆာဘွဲ့ချီးမြှင့်ခံခဲ့ရခြင်းဖြစ်သည်။

ဒေးဗစ်ဘက်ခမ်းသည် အင်္ဂလန်အသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲ သုံးကြိမ်ကစားခဲ့သကဲ့သို့ ယူရိုပြိုင်ပွဲတွင်လည်း နှစ်ကြိမ်အထိပါဝင်ကစားခဲ့သူဖြစ်သည်။

ဒေးဗစ်ဘက်ခမ်းသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝက အင်္ဂလန်အသင်းတွင် ကာလရှည်ကစားခဲ့သူဖြစ်ပြီး အသင်းခေါင်းဆောင်အဖြစ်လည်း ခြောက်နှစ်ကြာတာဝန်ယူခဲ့ကာ ဘောလုံးလောကနှင့်ပတ်သက်ပြီး အကျိုးပြုဆောင်ရွက်ခဲ့သည့်အတွက် ဆာဘွဲ့ချီးမြှင့်ခံရခြင်းဖြစ်သည်။

အလားတူ ဒေးဗစ်ဘက်ခမ်းသည် ကလပ်အသင်းကစားသမားဘဝတွင်လည်း မန်ယူအသင်းတွင် ကာလရှည်ကစားခဲ့ကာ အောင်မြင်မှုများစွာရယူနိုင်ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်း၊ ပီအက်စ်ဂျီအသင်းတို့တွင်လည်း အောင်မြင်မှုများစွာရယူနိုင်ခဲ့သူဖြစ်သည်။

ဒေးဗစ်ဘက်ခမ်းသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကတည်းက လူမှုအဖွဲ့အစည်းများတွင် အကျိုးပြုလုပ်ငန်းများနှင့် သံတမန်အဖြစ်ဆောင်ရွက်ခဲ့သူဖြစ်ပြီး လက်ရှိတွင်လည်း အမေရိကန်မေဂျာလိဂ်ကလပ် အင်တာမိုင်ယာမီအသင်း၏ပူးတွဲပိုင်ရှင်ဖြစ်ကြောင်း သိရသည်။

*Ref;Goal.com*



# တာချီလိတ်မြို့ရှိ ရွှေတိဂုံစေတီတော်၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပ



တာချီလိတ် နိုဝင်ဘာ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မကာဟပိုခမ်းရပ်ကွက်ရှိ ရွှေတိဂုံစေတီတော် ရင်ပြင်ပေါ်၌ နိုဝင်ဘာလ ၄ ရက် ညပိုင်းတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေမျိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမျိုး၊ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရွှေတိဂုံ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်ဂေါပကအဖွဲ့ဝင် များက ည ၇ နာရီခန့်တွင် ဖယောင်းတိုင် မီးထွန်းညှိပူဇော်၍ အခမ်းအနားဖွင့်လှစ်ကြသည်။

ထို့နောက် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပရဟိတ လူမှုကူညီရေးအသင်းအဖွဲ့များ၊ အလှူရှင် များနှင့် ဘုရားဖူးလာပြည်သူများက ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပတ်လည် နှင့် ဆီမီးခုံများ၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော် ဆက်ကပ်လှူဒါန်းကြပြီး မီးပုံးပျံအလုံး ၅၀၀ ကို စုပေါင်းလွှတ်တင်ပူဇော်ကြသည်။

တာချီလိတ် ရွှေတိဂုံစေတီရင်ပြင်တော် ၌ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာ၊ ဆီမီးများ ကပ်လှူပူဇော်ခြင်းနှင့် ဘုရားဖူးသည့်သည် များအား စားသောက်ဖွယ်ရာများဖြင့် စတုဒိသာကျွေးမွေးဧည့်ခံခြင်း စသည့်ကုသိုလ် ကောင်းမှုပြုသူများဖြင့် စည်ကားများပြား ကြောင်း သိရသည်။ **ဇင်ယော်(မြင့်မိုရ်)**

# ကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်လျက်ရှိ

မိုင်းလား နိုဝင်ဘာ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တွင် ကျေးလက်နေပြည်သူများ သန့်ရှင်း သော သောက်သုံးရေများ ဖူလုံစွာရရှိ စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဝမ်ရှုန်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင် ရွက်နေမှု အခြေအနေများကို နိုဝင်ဘာလ ၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကျေးရွာအရောက်ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သန့်ဇင်နှင့်တာဝန်ရှိ သူများသည် ဝမ်ရှုန်ကျေးရွာ၌ ကျေးလက် ရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူ ခြင်းလုပ်ငန်း အရှည် ၂ မိုင် ၄ ဖာလုံနှင့် အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၆ ပေရှိ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည် ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေ မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိရပ်မိရပ်ဖများ၊ကျေးရွာရေပေးရေး ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာ သားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီး ရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးလက်ရေရရှိရေးလုပ်ငန်း များကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၈၄ ဒသမ ၀၇၉ သန်း ဖြင့် ဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများဖြင့် ပူးပေါင်း ၍ ယခုနှစ်ဩဂုတ်လဒုတိယပတ်မှစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ယခုအခါ လုပ်ငန်းများအားလုံး၏ ၆၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ပြီး ရာနှုန်း ပြည့်ဆောင်ရွက်ပြီးစီးပါက ဝမ်ရှုန် ကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်ရေ၊ သုံးရေများ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**



# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

တာချီလိတ် နိုဝင်ဘာ ၅


နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ပေးလျက်ရှိရာ နိုဝင်ဘာလ ၄ ရက်တွင်တာချီလိတ်မြို့နယ်၌ မြေသားလမ်း ဖောက်လုပ်ခြင်းနှင့် Box Culvert တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက် လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် တာချီလိတ် မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု အာဒီး-နာကျဲ ၁/၄ မိုင် မြေသားလမ်း ဖောက်လုပ်ခြင်းနှင့် Box Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ဆောင် လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ပြီးစီး ပါက လွယ်တော်ခမ်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၅ ရွာ၊ အိမ်ခြေ ၃၅၄ အိမ်၊ လူဦးရေ ၂၄၀၄ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွား ဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရ သည်။ **တာချီလိတ်(ပြန်/ဆက်)**



# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုစစ်ဆေး



မိုင်းယောင်း နိုဝင်ဘာ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်း မြို့နယ် ဝမ်ဒေကျေးရွာနှင့် ဝမ်ကျူးကျေး ရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း နေမှုအခြေအနေများကို နိုဝင်ဘာလ ၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းယောင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုးနှင့် တာဝန်ရှိ သူများသည် ဝမ်ဒေကျေးရွာနှင့် ဝမ်ကျူး ကျေးရွာတို့၌ စီမံကိန်းလည်ပတ်ရန်ပုံငွေ များဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူ ရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက် နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး သည်။

ထို့နောက် ခရိုင်ဦးစီးမှူးက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ဝင်များနှင့်တွေ့ဆုံကာ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ကို ပိုမိုတိုးချဲ့လုပ်ကိုင်ပြီး ဝင်ငွေများပိုမို တိုးပွားလာစေရန် ကြိုးစားဆောင်ရွက် ကြရန် ဆွေးနွေးမှာကြားပြီး လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံ မှန်ကန်မှုရှိ၊ မရှိစစ်ဆေးသည်။

အဆိုပါကျေးရွာနှစ်ရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ချေးငွေ အောင်မြင်သည့် အသင်းသား၊ အသင်းသူ ၃၀ ဦးကို နဝမအကြိမ် ရန်ပုံငွေကျပ်သိန်း ၄၂၀ အထိ အတိုးနှုန်းသက်သာစွာ ထုတ်ချေးထားနိုင်ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။ **ချိုသန်းညွန့် (ကျေးလက်)**

# ကျေးရွာသုံးရွာ၌ ဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

မိုင်းယောင်း နိုဝင်ဘာ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်း မြို့နယ် ခိုကဲကျေးရွာ၊ ကုက္ကိုလ်ကျေးရွာနှင့် ကောင်းကဲကျေးရွာတို့၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေများဖြင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာလ ၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိ သူများက ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကြည့်ရှုရာတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် တာဝန်ရှိသူများက ခိုကဲကျေးရွာ၊ ကုက္ကိုလ် ကျေးရွာနှင့်ကောင်းကဲကျေးရွာတို့၌ စီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက် နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံ များပြည့်စုံမှန်ကန်မှုရှိ၊ မရှိစစ်ဆေးကာ ခရိုင်ဦးစီးမှူးက ကျေးရွာတင်ပြချက် များအပေါ် လိုအပ်သည်များပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရ သည်။ **မင်းလွင်**

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၅

နိုဝင်ဘာလ ၇ ရက်တွင် ကျရောက်မည့် (၁၇)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ နှစ်ပတ်လည်နေ့အထိမ်း အမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်း တွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ နေပြည် တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်နှင့်ပြည်သူများက အားထားရ သည့် အုပ်ချုပ်ရေးဌာနကြီးတစ်ခုအဖြစ် အခိုင်အမာဆက်လက်ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် အရာထမ်းငယ် အခြေခံသင်တန်းတွင် စံပြဆုရရှိခဲ့သည့် ဝန်ထမ်းအား ဂုဏ်ပြုဆု၊ ဝန်ထမ်းများအတွက် ဝတ်စုံများနှင့်ဂုဏ်ပြု ဆုငွေများပေးအပ်ချီးမြှင့်ပြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏သမိုင်းကြောင်း မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေး သည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ လမ်းပိုင်းများ နိုင်လွန်ကတ္တရာခင်းနေမှု၊ လမ်းဘေးဝဲယာသန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက် နေမှုနှင့် လယ်ဝေးမြို့နယ်အတွင်း ငလျင် ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများပြန်လည်ပြုပြင်နေမှု၊ နိုင်လွန် ကတ္တရာခင်းနေမှု၊ လမ်းလယ်ကျွန်းများ ပြန်လည်ပြုပြင်နေမှုများကို ကြည့်ရှု




စစ်ဆေးသည်။

နိုဝင်ဘာလ ၄ ရက်က နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့် အတူ လယ်ဝေးမြို့နယ် သစ်တောကျေးရွာ ၌ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများနှင့်တွေ့ဆုံ၍ သဘာဝ မြေသြဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲရေး၊ သဘာဝမြေသြဇာပြုလုပ် နည်းကို တောင်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် အသိပညာပေးရေး၊ နိုင်ငံတော် မှ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူး ပေးသော ဓာတ်မြေသြဇာများကို အမှန် တကယ်လိုအပ်သော တောင်သူများ လက်ဝယ်သို့ရောက်ရှိရေး၊ တစ်နှစ်သုံးသီး ရာသီပြည့် စိုက်ပျိုးနိုင်ရေး၊ မျိုး၊ မြေ၊ ရေနည်း စိုက်နည်းစနစ်မှန်ကန်ရေး၊ မျိုး စေ့ချကိရိယာကောက်စိုက်စက်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး နှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ သဘာဝမြေသြဇာနှင့် နေကြာမျိုးစေ့၊ သဘာဝမြေသြဇာများနှင့် အောင်နိုင်တိုးမျိုးစပါးများကို တောင်သူ များထံပေးအပ်ပြီး တောင်သူများ၏တင်ပြ ချက်များအပေါ် နေပြည်တော် ကောင်စီ ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ကြောင်းသိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

# နှစ်(၇၀)ပြည့်ကရင်ပြည်နယ်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ)(၄)ခန်းတွဲ(၄)ထပ် ဆရာဝန်အိမ်ရာတစ်လုံး မင်္ဂလာပန္နက်တင်



ဘားအံ နိုဝင်ဘာ ၅

နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ် ပြည်သူ့ဆေးရုံကြီး(ဘားအံ)၏ (၄)ခန်းတွဲ၊ (၄)ထပ် ဆရာဝန်အိမ်ရာတစ်လုံး တည် ဆောက်ခြင်းလုပ်ငန်း ပန္နက်တင်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါအဆောက် အအုံတည်ဆောက်မည့်နေရာ၌ ကျင်းပ သည်။

အဆိုပါအိမ်ရာကို ဆောက်လုပ်ရေး ဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ (၁၃)က တာဝန် ယူတည်ဆောက်သွားမည်ဖြစ်ပြီး ပြည်နယ် ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးများက ပန္နက် တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက် လာကြသော ကျန်းမာရေးဌာနမှ ဝန်ထမ်း များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်၍ သတ်မှတ်နေရာများတွင် နေရာ ယူကြပြီး မင်္ဂလာအချိန်တွင်ရတနာပန္နက် များကိုစိုက်ထူ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် နှစ်(၇၀)ပြည့် ကရင်ပြည် နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့၊ ကန်သာယာရေပြင်အတွင်း ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဖွဲ့ကပင်ခန်းမရှေ့ရှိ Steel Structure Decking ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူ များက ရှင်သန်ကြီးထွားရန်အကောင်းဆုံး အရွယ်ရှိသော ငါးခုံးမကြီးကောင်ရေ ငါးသောင်း၊ ငါးမြစ်ချင်းကောင်ရေငါးသောင်း စုစုပေါင်းကောင်ရေတစ်သိန်းကိုကန်သာယာ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့် ပေးခဲ့ကြသည်။

ထို့နောက် နှစ်(၇၀)ပြည့် ကရင်ပြည်နယ် နေ့အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီ ခွဲတွင် ဘားအံ မြို့ ကန်သာယာရေပြင်၌ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ အဆိုပါပြိုင်ပွဲသို့ ရပ်ကွက်/ကျေးရွာအုပ်စု များမှ (၂၀)တက်လှော်အမျိုးသား ၁၀ သင်း၊ အမျိုးသမီး ရှစ်သင်း၊ (၇) တက်လှော်အမျိုး သား ၁၅ သင်း၊ အမျိုးသမီး ၁၂ သင်း၊ (၅) တက်လှော်အမျိုးသား ၁၅ သင်း၊ အမျိုး သမီး ၁၂ သင်း ဝင်ရောက်ပြိုင်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ် တော်တရားသူကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင် များက ပြိုင်ပွဲဝင်ရိုးရာလှေလှော်အသင်း များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ ရိုးရာလှေလှော်ပြိုင်ပွဲ အမျိုးသား/အမျိုးသမီး(၅)တက် လှော် ပြိုင်ပွဲ၊ (၇)တက်လှော်ပြိုင်ပွဲနှင့် (၂၀)တက် လှော်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကိုစတင်ကျင်းပ ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ က ကြည့်ရှုအားပေးကြသည်၊ အဆိုပါပြိုင်ပွဲ ကို နိုဝင်ဘာလ ၅ ရက်မှ ၇ ရက်ထိ ကျင်းပ သွားမည်ဖြစ်ပြီး အနိုင်ရဗိုလ်စွဲသော လှေလှော်အသင်းများကို ထိုက်ထိုက်တန် တန်ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

အလားတူ ကရင်ပြည်နယ်အစိုးရအဖွဲ့ ကကြီးမှူးကျင်းပသော တန်ဆောင်တိုင် ပွဲတော် နိဗ္ဗာန်ဈေး၊ မီးပုံးပျံလွှတ်တင် ပူဇော်ပွဲ၊ မီးပုံးအလှထွန်းညှိခြင်းတို့ကို တန်ဆောင်မုန်းလပြည့် သမညဖလအခါ တော်နေ့ ညနေပိုင်းက ဘားအံမြို့၊ အမှတ် (၁) ရပ်ကွက်၊ ကျော်ဇေယျလမ်းနှင့် မာန်းနဲစန်လမ်းတို့တွင် ဆင်ယင်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ပါဝင်ဆင်နွှဲကြသူ များဖြင့် စည်ကားခဲ့ကြောင်း သိရ သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# စစ်တွေမြို့၌ တန်ဆောင်တိုင်ပွဲတော်ကျင်းပ

စစ်တွေ နိုဝင်ဘာ ၅

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး ကျင်းပသော ၁၃၈၇ ခုနှစ် တန်ဆောင်တိုင် ပွဲတော်ဖွင့်ပွဲကို ယမန်နေ့ညနေပိုင်းက စစ်တွေမြို့ အတုလမာရဇိန်ပြည်လုံးချမ်းသာ ဘုရားကြီးရှေ့ ဝင်္ကဘာကွင်း၌ကျင်းပသည်။

ဖွင့်ပွဲသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီး များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ၁၃၈၇ ခုနှစ်တန်ဆောင်တိုင်ပွဲတော် ကို ရခိုင်မင်္ဂလာစည်တော်တီး၍ ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ သည် ရခိုင်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ဗုဒ္ဓပူဇနိယယိမ်းအကဖြင့် ကပြဖျော်ဖြေ နေမှု၊ ရခိုင်ဂန္ထဝင်အဆိုကျော် ဦးမောင်သိန်း၊ အဆိုကျော် မြတ်ခိုင်ကျော်၊ ခိုင်ကျော်လင်း တို့က ရခိုင်တေးသီချင်းများဖြင့်သီဆိုဖျော်ဖြေ နေမှုကို ကြည့်ရှုအားပေးကြပြီး ဝင်္ကဘာ ကွင်းအတွင်းမှ မီးပုံးပျံများ လွှတ်တင်ကြကာ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တည်ဆောက် ရေးကုမ္ပဏီများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး များက စတုဒိသာကျွေးမွေးနေမှုကို လှည့် လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများသည် လောကာနန္ဒာ စေတီတော်မြတ်ကြီး၌ကျင်းပသော တန် ဆောင်တိုင်ပွဲတော် ဆီမီးပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲသို့ တက်ရောက်ကြပြီး လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်း ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော် ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ကဦးဆောင်ကာ ဆီမီးထွန်းညှိပူဇော် ပေးပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံ ပြည်သူများက ဆီမီးထွန်းညှိပူဇော်မှုကို



ကြည့်ရှုအားပေးကြကာ စေတီတော်ရင်ပြင် ၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် အတူ မီးပုံးပျံများလွှတ်တင်ပူဇော်ကြသည်။

ထို့အတူ တန်ဆောင်တိုင်ပွဲတော်ဆီမီး ပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲကို အတုလ မာရဇိန် ပြည်လုံးချမ်းသာဘုရားကြီး၊ ရန်ပြေ မာန်ပြေဗဟိုကိုးနဝင်းဓာတုဇေးစေတီနှင့် ရန်ပြေမာန်ပြေဘုရားကြီးတို့၌ ကျင်းပ ကြရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံ ပြည်သူများဖြင့်အထူးစည်ကားခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကန်ထရိုက်တိုက်ရငွေများဖြင့် ခရိုင်(၁၄)ခရိုင်အတွင်းရှိမြို့နယ်များအတွက် လိုအပ်သော 11-6.6/0.4 kV, 200kVA Transformer(35)Nos အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၅-၁၁-၂၀၂၅) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁၉-၁၁-၂၀၂၅)နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ အ.ထ.က(၆)မှ အဘ ဦးအုံးဖေ၏သမီး ဒေါ်ခင်ထွေးရီ(ခ) ဒေါ်နန်းခင်ထွေးရီ ၁၃/လရန(နိုင်)၀၂၄၉၃၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ခင်ထွေးရီ(ခ)ဒေါ်နန်းခင်ထွေးရီ

## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ အ.ထ.က(၆)မှ ဒေါ်ခင်ထွေးရီ(ခ)ဒေါ်နန်းခင်ထွေးရီ ၁၃/လရန(နိုင်)၀၂၄၉၃၈ ၏အဘအမည် ဦးအုံးဖေနှင့် ဦးအုန်းဖေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအုံးဖေ(ခ)ဦးအုန်းဖေ

### ပျောက်ဆုံးကြောင်း

ဥမ္မာစိန်(ဘ)ဦးကျော်ကျင်လှို(ခ)ကျောက်ကျင်လှိုင် ၁၃/လရန(နိုင်)၂၇၄၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၃၈၆၇၁၇၃

### ပျောက်ဆုံးကြောင်း

ဇော်မင်းထိုက်(ဘ)ဦးအောင်လွင် ၉/လဝန(နိုင်)၁၆၇၃၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း

နိုင်စိုး(ဘ)ဦးတင်ထွန်း ၉/ပဘန(နိုင်)၁၇၄၉၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

### ပျောက်ဆုံးကြောင်း

တင်မိုးဝင်း(ဘ)ဦးရွှေဝင်း ၈/စလန(နိုင်)၁၉၈၅၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း

ချမ်းငြိမ်းသူ(ဘ)ဦးစန်းမောင် ၉/ပဘန(နိုင်)၁၉၅၈၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

## ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ မော်ဇာကျေးရွာအုပ်စုနှင့် မှုတ်ရှည်ကျေးရွာအုပ်စုတို့ရှိ သီဟိုဠ်သရက်စိုက်ပျိုးရေးဇုန်နှင့်စပ်လျဉ်း၍ ကြော်ငြာချက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ မော်ဇာကျေးရွာအုပ်စုနှင့် မှုတ်ရှည်ကျေးရွာအုပ်စုတို့ရှိ မြေဧရိယာ(၃၀၈၇.၉၁)ဧကကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်နှင့်အသုံးပြုခွင့်အား စိုက်ပျိုးလုပ်ကိုင်လိုသူတောင်သူများသို့ သီဟိုဠ်သရက်စိုက်ပျိုးရန် (၂၈-၈-၁၉၉၂)ခုနှစ်မှစ၍ လုပ်ကွက်များချထားပေးခဲ့ပါသည်။ အဆိုပါချထားပေးခဲ့သည့်လုပ်ကွက်များအနက် (၃၁-၁၀-၂၀၂၅)ရက်နေ့အထိ အကောင်အထည်ဖော်လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသည့်လုပ်ကွက်များကို ပြန်လည်သိမ်းယူသွားမည်ဖြစ်ပါကြောင်း (၂၂-၈-၂၀၂၅)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ အသိပေးကြော်ငြာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အချိန်ထိ အကောင်အထည်ဖော်လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသည့်လုပ်ကွက်များကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၈ ခုနှစ်)ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)နှင့် (၂)တို့အရ သိမ်းယူပြီးဖြစ်ကြောင်းနှင့် မည်သည့်အသနားခံစာကိုမျှ ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ ၎င်းမြေပေါ်ရှိ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်အရပ်ရပ်တို့အားလည်း ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
ပဲခူးမြို့

### ပျောက်ဆုံးကြောင်း

ဇင်မိုးမိုးကျော်(ဘ)ဦးသန့်ဇင် ၇/ဝမန(နိုင်)၁၉၇၄၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 602226)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

မချမ်းမြေ့(ဘ)ဦးစိုးဝင်း ၇/ကတခ(နိုင်)၂၀၀၅၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၉၂၃၈၁

### ပျောက်ဆုံးကြောင်း

တင်မောင်အေး(ဘ)ဦးကျော်အေး ၇/ပခတ(နိုင်)၀၄၃၅၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၁၆၃၀၅

### ပျောက်ဆုံးကြောင်း

စောသက်မိုးစံ(ဘ)ဦးမြင့်ဌေး ၁၂/ဥကမ(နိုင်)၂၇၂၈၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 135953)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၆၆၆၆၀၄

### ပျောက်ဆုံးကြောင်း

အောင်မြင့်မြတ်(ဘ)ဦးစိုးသန်း ၁၂/လသယ(နိုင်)၁၀၆၀၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 147483)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း

ဒေါ်ဆူးဂျာ(ဘ)ဦးမာဝါလဝေါမ်၁/မကန(နိုင်)၂၄၅၇၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 288704)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

### ပျောက်ဆုံးကြောင်း

အောင်ဇင်ဖြိုး(ဘ)ဦးအောင်ကြည် ၁၄/ဝခမ(နိုင်)၂၁၁၅၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း

ဝင်းဇော်ဦး(ဘ)ဦးတင်ဝင်း ၁၀/ကမရ(နိုင်)၁၁၄၃၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 196169)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ဆန်းလင်းအောင်(ဘ)ဦးခင်ဇော် ၇/ပခန(နိုင်)၄၄၃၈၆၆ ကိုင်ဆောင်သူ၏ နိုင်ငံသားစိစစ်ရေးကတ်မှာ(၃၁-၁၀-၂၀၂၅)ရက်နေ့တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၀၅၉၆၇၇၆

### ပျောက်ဆုံးကြောင်း

ရဲမင်းသူ(ဘ)ဦးထိန်ဝင်း ၁၂/လသယ(နိုင်)၀၅၉၀၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

### ပျောက်ဆုံးကြောင်း

ထက်ဝေဦး(ဘ)ဦးမြင့် ၁၄/လမန(နိုင်)၁၀၈၈၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

နုနုလှိုင်(ဘ)ဦးမောင်သောင်း ၁၄/ဓနဖ(နိုင်)၀၇၈၄၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၆၉၂၃၃၈၄

### ပျောက်ဆုံးကြောင်း

သဇင်မိုး(ဘ)ဦးခိုင်ချစ်ဦး ၁၄/မမန(နိုင်)၃၀၃၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၂၀၈၄၁၄၈

### ပျောက်ဆုံးကြောင်း

သန်းနိုင်စိုး(ဘ)ဦးကြည်သန်း ၈/တတက(နိုင်)၂၇၂၈၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၆၇၀၆၆၃၄

### ပျောက်ဆုံးကြောင်း

မြဝတီမြို့၊ ဦးအောင်ဇေယျလမ်း၊ အမှတ်(၅)နေ ဇင်ကိုကိုအောင်(ဘ)ဦးဇော်ဇော်အောင် ၁၀/ရမန(နိုင်)၂၀၆၇၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၀၀၉၈၀၀၅

### ပျောက်ဆုံးကြောင်း

ပြည်မြို့၊ ရွာဘဲရပ်ကွက်နေ မျိုးခန့်သူ(ဘ)ဦးတင်မောင်၇/ပမန(နိုင်)၁၇၅၆၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 456842)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၅၆၂၁၈၈၉

### ပျောက်ဆုံးကြောင်း

ညောင်လေးပင်မြို့နေ ဖြူဖြူဝင်း(ဘ)ဦးစူဘာရာမန်နီ ၇/ညလပ(နိုင်)၀၉၂၂၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (M 937992)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၉)လမ်း၊ အမှတ်-၅၆၈ နေ အောင်ကြည်ဆွေ(ဘ)ဦးမြင့်ဆွေ ၈/ပခက(နိုင်)၁၆၈၇၀၁ ကိုင်ဆောင်သူ၏ (OWIC)ကတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၇၇၈၄၃၄၀

### ပျောက်ဆုံးကြောင်း

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်နေ မဦးခင်နု(ဘ)ဦးသာထွန်း ၁၁/သတန(နိုင်)၀၀၄၁၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၄၇၈၀၀၀

### ပျောက်ဆုံးကြောင်း

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်နေ ဦးလေအောင်(ဘ)ဦးဖိုးစိန်ဦး ၁၁/သတန(နိုင်)၀၀၅၀၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၄၇၈၀၀၀

### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့၊ ဘုံရှည်ကုန်းကျေးရွာ၊ အုတ်ဖိုရပ်ကွက်နေ အဘ ဦးဖြိုးသူရ ၈/ပဖန(နိုင်)၂၂၈၅၉၁ အမိ ဒေါ်ချစ်ဖူးဝေ ၁၁/စတန(နိုင်)၁၆၆၁၉၅ ၏သမီး မချမ်းမြေ့ငြိမ်းဖြိုးအား မခင်ပြည့်စုံလွင်ဟုပြောင်းလဲခေါ်ဆိုပါရန်။ မခင်ပြည့်စုံလွင်

### ပျောက်ဆုံးကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဝဲကြီးကျေးရွာ၊ သုဝဏ္ဏဘူမိ ဓေတဝန်ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ သီတင်းသုံးသည့် ဉူးသောဘဏ(ခမည်းတော်)ဦးစာရံ ၉/တကန(သ)၀၀၀၆၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၉၁၂၆၂၆၂

## သစ်တောမှန်လျှင်
## အသုံးဝင်
## အစဉ်ထာဝရ
## ထိန်းသိမ်းကြ

### ပျောက်ဆုံးကြောင်း

ကျော်နိုင်ဦး(ဘ)ဦးစံညိမ်း ၇/ဒဥန(နိုင်)၀၁၁၅၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၆၀၈၄၀၅၄

### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ရခိုင်ချောင်(မြောက်)ကျေးရွာနေ အဘ ဦးအောင်သူရ ၁၂/မဂတ(နိုင်)၀၉၃၅၆၈ ၏သမီး မဇူးဇူးအား မဆုလာဘ်စန္ဒီဟုပြောင်းလဲခေါ်ဆိုပါရန်။

မဆုလာဘ်စန္ဒီ

### ပျောက်ဆုံးကြောင်း

ဇာလီမြင့်သန်းဦး(ဘ)ဦးမြင့်သန်း ၁၂/အစန(နိုင်)၀၅၄၇၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ခင်မာချို(ဘ)ဦးမောင်ညိမ်း ၃/လဘန(နိုင်)၀၃၁၂၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 664943)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

ဝမ်ရယ်နင်(ဘ)ဦးဝမ်ရယ်ဖုန် ၁/ပတအ(နိုင်)၀၄၂၀၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

သီသီဝေ(ဘ)ဦးစိုးတင် ၇/ရတရ(နိုင်)၁၁၈၈၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 924622)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ဟေမာကိုကို(ဘ)ဦးကိုကိုဌေး ၁၂/အစန(နိုင်)၂၀၄၇၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၂၄၆၈၀၁၄

### ပျောက်ဆုံးကြောင်း

ဖြိုးသိခ်(ဘ)ဦးနေလင်းမြတ် ၁၂/တတန(နိုင်)၂၅၆၆၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၄၉၄၆၅

### ပျောက်ဆုံးကြောင်း

စိုးမြတ်ထွေး(ဘ)ဦးတင်ဖေ ၈/ပမန(နိုင်)၁၇၉၃၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၁၅၃၈၈၅

### ပျောက်ဆုံးကြောင်း

ယဉ်မျိုးသန့်(ဘ)ဦးလှမြင့် ၆/မအရ(နိုင်)၀၀၀၂၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၄၀၃၆၆၉

### ပျောက်ဆုံးကြောင်း

ဝင်းဝင်းနွယ်(ဘ)ဦးခင်မောင်ရင် ၉/ပဥလ(နိုင်)၀၄၀၄၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၇၈၈၈၈၉၈

### ပျောက်ဆုံးကြောင်း

အေးအေးသိမ့်(ဘ)ဦးဝင်းထူး ၁၄/ကကထ(နိုင်)၂၀၂၆၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၈၉၇၁၇၇၉

### ပျောက်ဆုံးကြောင်း

စန္ဒေဘာသ(ဘ)ဦးရှင်း ၁၂/ဗဟန(သ)၀၀၂၀၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၀၄၈၂၃၇၁

### ပျောက်ဆုံးကြောင်း

စည်သူလှိုင်(ဘ)ဦးဌေးလှိုင် ၁၂/ကတန(နိုင်)၀၉၀၂၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၅၁၄၃၅၃၄

### ပျောက်ဆုံးကြောင်း

လှိုင်လှိုင်ဌေး(ဘ)ဦးဝင်းနိုင် ၁၄/မအပ(နိုင်)၂၄၈၂၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၁၉၉၂၈၉၁

### ပျောက်ဆုံးကြောင်း

မြင့်လွင်ဦး(ဘ)ဦးကျော်စိန် ၁၂/မဘန(နိုင်)၁၂၇၉၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

မျိုးလှိုင်ဝင်း(ဘ)ဦးတင်ဆိုင် ၈/ခမန(နိုင်)၂၂၀၇၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ရဲနောင်(ဘ)ဦးဟော်ရှင်ဆင် ၁၃/ကခန(နိုင်)၀၃၈၅၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၃၁၄/မမ/CME | မလွကုန်းစက်ခေါင်းရုံတွင် Battery Electric Locomotive (BEL)များကို Charging သွင်းရန် Charging Station အတွက် 11-6.6/0.4 kV, 750 kVA Transformer (၁)ရုံတည်ဆောက်ခြင်း၊ 6.6 kV High Tension Line (၅၂၀၀)ပေ တည်ဆောက်ခြင်းနှင့် VCB အသစ်တည်ဆောက်ခြင်းလုပ်ငန်းတို့အား Turnkey စနစ်ဖြင့် ဆောင်ရွက်ရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၉-၁၁-၂၀၂၅)မွန်းလွဲ(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၅-၁၁-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
လုံခြုံလျှို့ဝှက် သောင်ရှက်မြန်မှန်
မြဝတီဘဏ်
Phone No :
(01) 2301367, 2301368,
(01) 2301452, 2301378
Card Services
Individual Debit Card/ Credit Card
Corporate Debit Card
Automated Teller Machine Services
Point of Sales Services
Online Payment/ Tax Payment
Via E-commerce


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
YANGON YANGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ **ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးချင်းတူပါက အရည်အသွေးပိုမိုကောင်းမွန်ရမည်ဖြစ် . . .**

❖ **သို့မှသာဈေးကွက်တွင်း ရောင်းအားများပိုမိုတိုးတက်လာမည်ဖြစ် . . .**

❖ **အရေအတွက်များများရောင်းချထုတ်လုပ်နိုင်ရန်လို . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၃၀ ရက်နေ့တွင်ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ(Rebuilding Myanmar : Post Earthquake Economic Recovery)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကုန်သည်စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများနှင့် သီးခြားစီ တွေ့ဆုံဆွေးနွေး၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှပြန်လည်ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။


ထို့နောက် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကာ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ **စာမျက်နှာ ၅ ကော်လံ ၁** ❒



ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တာဝန်ရှိသူများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများက မြန်မာ-ရုရှား နှစ်နိုင်ငံအလံများကို ဝှေ့ယမ်း၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

# တိုင်ဖွန်းမုန်တိုင်း "ခန့်မေဂီ"မှ ပြတ်ထွက်လာသောတိမ်တိုက်များကြောင့် နိုဝင်ဘာလ ၈ ရက်မှ ၁၀ ရက်အတွင်း နေရာကွက်၍ မိုးကြီးနိုင်



နေပြည်တော် နိုဝင်ဘာ ၅

**တိုင်ဖွန်းမုန်တိုင်း"ခန့်မေဂီ" (KALMAEGI)အခြေအနေ**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ခန့်မေဂီ" (KALMAEGI)သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။

**နောက် ၃၆ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ တိုင်ဖွန်းမုန်တိုင်း"ခန့်မေဂီ"သည် အနောက်-အနောက်မြောက်ဘက်သို့ **စာမျက်နှာ ၅ ကော်လံ ၁** ■

## ကရင်ပြည်သူ့ပါတီ (KPP)၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၅

ကရင်ပြည်သူ့ပါတီ(KPP)၏ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ်မြဝတီသတင်းစာ စာမျက်နှာ(၁၂)တွင် ဖော်ပြပါရှိပါသည်။

မြဝတီ

## စစ်ကိုင်းတိုင်းဒေသကြီး ကလေး-မော်လိုက်သွားကားလမ်းမပေါ်ရှိ သံကူကွန်ကရစ်အမျိုးအစား ပလူ၉၀ တံတားကြမ်းခင်းအား PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး စာ - ၂၄ သို့

